# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၃)ရက် ၊ စနေနေ့ ၊ (24-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ဒုတိယသမ္မတ ဦးညိုစော ၂၀၂၇ ခုနှစ် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၇ ခုနှစ် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၇ ခုနှစ် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ၂၀၂၇ ခုနှစ် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့

စာမျက်နှာ ၁၆ ကော်လံ ၁

ရတနာပုံ ယနေ့ဖတ်စရာ

**ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး**

စာမျက်နှာ - ၁၆

**တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ ကျင်းပ**

စာမျက်နှာ - ၁၈

## ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဝင်ခွင့် လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့် ရရှိသူများစာရင်းကြေညာထားကြောင်း အသိပေးနှိုးဆော်

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဦးစားပေးလျှောက်ထားသူများအနက် ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရရှိသူများစာရင်းနှင့် ခုံအမှတ်၊ ဖြေဆိုရမည့်နေ့ရက်နှင့်နေရာကို ကျန်းမာရေးဝန်ကြီးဌာန၏ Website(www.moh.gov.mm)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm)၊ဆေးတက္ကသိုလ်များနှင့်သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ၊အဆင့်မြင့်ပညာဦးစီးဌာနတို့တွင် ကြေညာထားပြီးဖြစ်ပါသည်။

အဆိုပါကြေညာချက်ပါအချက်အလက်များကိုသေချာစွာဖတ်ရှုပြီး သူနာပြုသိပ္ပံ (နေပြည်တော်)၌ ကျင်းပမည့်

စာမျက်နှာ ၁၇ ကော်လံ ၃

## ပြည်-ပုဂံ ရထားလမ်းပိုင်းရှိ ရန်ပယ်ချောင်းတံတားပြုပြင်ပြီးစီး၍ အမှတ် ၆၁ အဆန်၊ ၆၂ အစုန် ရန်ကုန်-ပြည်-ပုဂံ ရထားခရီးစဉ်များပြန်လည်ပြေးဆွဲ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေစီးဆင်းမှုကြောင့် ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်း၊ တောင်တွင်းကြီးမြို့နယ် ဝက္ကသေးနှင့် ဆတ်သွားဘူတာကြား မိုင်တိုင်အမှတ် (၂၄၄/၀)နှင့် (၂၄၄/၃)ရှိ တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းကူး ရထားလမ်းတံတား ရေလယ်တိုင်အမှတ် (၂)နှင့် (၃)တို့ နိမ့်ကျွံမှုဖြစ်ပွားခဲ့သည်။

စာမျက်နှာ ၁၇ ကော်လံ ၁






## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အောက်တိုဘာ ၂၄ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အောက်တိုဘာ ၂၅ ရက်တွင် အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရောက်ရှိနိုင်ပြီး

စာမျက်နှာ ၂၄ ကော်လံ ၁

ရတနာပုံ ယနေ့ဖတ်စရာ

**၆၆ ကေဗွီ ဘားအံ-စက်မှုဇုန်ဓာတ်အားလိုင်းနှင့် စက်မှုဇုန်-လှိုင်းဘွဲဓာတ်အားလိုင်း၊ ကေဗွီ ၂၃၀ ရွှေမြို့ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်**

စာမျက်နှာ - ၁၉

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# တောင်သူနှင့် စားသုံးသူ အကျိုးမျှတစေမည့် အခြေခံရည်ညွှန်းစပါးဈေးနှုန်း

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းထောင်ချီကတည်းက ဆန်စပါးစိုက်ပျိုးထုတ်လုပ်လာခဲ့သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့်ဆန်စပါးသည် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျေးလက်စီးပွားရေးအတွက် အရေးပါသော အခြေခံသီးနှံဖြစ်သည်။ ဆန်စပါးသည် ပြည်သူများ၏ နေ့စဉ်စားသုံးမှုကို ဖြည့်ဆည်းပေးနေသကဲ့သို့ တောင်သူလယ်သမားများနှင့် ဆန်စပါးထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်လုပ်ကိုင်သူများ၏ အသက်မွေးဝမ်းကျောင်းကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် ဆန်စပါးဈေးကွက် တည်ငြိမ်ရေးသည် ထုတ်လုပ်သူနှင့် စားသုံးသူ နှစ်ဦးနှစ်ဖက်စလုံးအတွက် အရေးပါလှပေသည်။

စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးစေ့၊ မြေဩဇာ၊ လုပ်အားခနှင့် စက်ကိရိယာစရိတ်များ ကုန်ကျသောကြောင့် တောင်သူများအနေဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းချနိုင်ရန် လိုအပ်သည်။ စပါးပေါ်ချိန်တွင် ဈေးနှုန်းကျဆင်းပါက တောင်သူများ၏ ဝင်ငွေနှင့် အရင်းအနှီးအပေါ် ထိခိုက်နိုင်သည်။

ထို့ကြောင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်သောတောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံအတွက် အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်းလျှင် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ် ၁၃၅၀၀၀၀ သတ်မှတ်ကြောင်း တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့က အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်အရ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်းလျှင် ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို ငွေကျပ် ၁၃၅၀၀၀၀ သတ်မှတ်လိုက်ပြီး ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်း စပါးဈေးနှုန်းအပေါ်တွင် ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင် ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။

ယခု သတ်မှတ်လိုက်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၆ ခုနှစ် မိုးစပါးနှင့် ၂၀၂၇ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်သတ်မှတ်ခြင်းဖြစ်သည်။ အခြေခံရည်ညွှန်းစပါးဈေးနှုန်းသတ်မှတ်လိုက်ခြင်းဖြင့် တောင်သူလယ်သမားများအတွက် ကုန်ကျစရိတ်အပြင် အနည်းဆုံးနှုန်းထားတစ်ခုအထိ အကျိုးအမြတ်ခွင့်ပြုပေးရန် ရည်ရွယ်ပြီး စားသုံးသူဘက်ကိုလည်း ဆန်ဈေးနှုန်း အဆမတန်မြင့်တက်မသွားစေရန် ထိန်းညှိပေးခြင်းဖြစ်သည်။ ထို့ပြင် အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများ အဆင်ပြေစေရေးကိုလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စီမံဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ဆန်စပါးဈေးကွက် တည်ငြိမ်ခြင်းသည် တောင်သူများနှင့် စားသုံးသူများအကြား အကျိုးစီးပွားကို မျှတစေရုံသာမက နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားတည်ငြိမ်ရေးကိုပါ အထောက်အကူပြုသည့်အတွက် အစိုးရ၏လမ်းညွှန် ဆောင်ရွက်မှုနှင့်အတူ သက်ဆိုင်ရာအသင်းအဖွဲ့များ၊ တောင်သူများ၊ ဆန်စက်လုပ်ငန်းရှင်များနှင့် ကုန်သည်များက ဆန်စပါးဈေးကွက်တည်ငြိမ်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၀၅၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၀၅၉ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲကြီး ၆၀၅၉ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲကြီးစိုက်ပျိုးမှုကို အောက်တိုဘာလစတုတ္ထပတ်မှ စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ ပဲကြီးဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ပဲကြီးကို အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးသွားပါမယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကကတစ်ငါးပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဒေးဒရဲ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ကကတစ်ငါးပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ကကတစ်ငါးပိဿာချိန် ၃၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ကကတစ်ငါးပိဿာချိန် ၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ကကတစ်ငါးပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းလာလို့ တင်ပို့ရောင်းချမှုအား ကောင်းခဲ့တာပါ။ ကကတစ်ငါးတွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိဿာလျှင် ငွေကျပ် ၃၀၅၀၀ မှ ၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# မလှိုင်မြို့နယ် ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဆည်ကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၃ ဦးကို ရန်ပုံငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# သာစည်မြို့နယ် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းမာရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၃ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၂ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# မုဒုံမြို့နယ် နိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မုဒုံ အောက်တိုဘာ ၂၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မုဒုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သန်း ၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နိုင်လုံကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို ရန်ပုံငွေကျပ်သန်း ၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ဝက်လက် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၃၈၅၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၇ ဒသမ ၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ ပဲတီစိမ်း ဧက ၃၈၅၁၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ပြင်ဦးလွင်မြို့နယ် ကျွန်းတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြင်ဦးလွင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကျွန်းတိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွန်းတိုင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၂ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၆၀ ထုတ်ချေးပေးထားကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်ပြီး ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ရက်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၁၅၀၀ မှ ၄၅၀၀ ထိ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ စားတော်ပဲတွေ အရင်ကထက်တော်တော်လေး အရောင်းအဝယ် ဖြစ်လာပါတယ်။ စားတော်ပဲစားသုံးသူများလာတာကြောင့် အခုလို အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်ကောင်းနေတဲ့ စားတော်ပဲတွေက လက်ကျန်ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ စားတော်ပဲလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်။ လက်ရှိ ဒေသထွက်စားတော်ပဲတွေက ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်မှာပါ အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲမျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အရောင်းအဝယ်ကောင်းနေသော စားတော်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၁၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ စားတော်ပဲများအရောင်းအဝယ်ကောင်းလာသောကြောင့် စားတော်ပဲစိုက်ပျိုးသူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေနေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုပြုံးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကြက်သွန်ဖြူစားသုံးခြင်းမှရရှိနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများ

ဒေါက်တာလပြည့်ခင်

**ကြက်သွန်ဖြူ (Garlic)**

ကြက်သွန်ဖြူသည် မြန်မာ့မီးဖိုချောင်တွင် မရှိမဖြစ်လိုအပ်သော ဟင်းခတ်အမွှေးအကြိုင်တစ်ခုဖြစ်ရုံမျှမက ရှေးယခင်ကတည်းက ဆေးဖက်ဝင်သီးနှံအဖြစ် လူသိများလှသည်။ ကြက်သွန်ဖြူ၏ အင်္ဂလိပ်အမည်မှာ Garlic ဖြစ်ပြီး သိပ္ပံအမည်မှာ Allium sativum ဟုခေါ်ဆိုကာ မျိုးရင်း (Family) မှာ Amaryllidaceae ဖြစ်သော်လည်း ယခင်က Liliaceae မျိုးရင်းတွင် ပါဝင်ခဲ့သည်ဟု ဆိုကြသည်။ ကြက်သွန်ဖြူသည် မြန်မာ့ရိုးရာအစားအစာများ၊ စားသောက်မှုပုံစံများအရ မရှိမဖြစ်လိုအပ်သည့် စားဖိုဆောင်သီးနှံတစ်မျိုး ဖြစ်သည့်အတွက် ပြည်တွင်းသုံးစွဲမှုမြင့်မားပြီး ပြည်တွင်းဈေးကွက်အခိုင်အမာရှိသည်။ စားဖိုဆောင်သီးနှံ ကြက်သွန်ဖြူကို အစိမ်းစားသုံးခြင်း၊ ဆီအဖြစ်သုံးစွဲခြင်း၊ ဟင်းချက်ပြုတ်ရာတွင် အသုံးပြုခြင်း၊ စားသောက်ကုန်လုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းများတွင်လည်း သုံးစွဲလေ့ရှိကြသည်။

**ကြက်သွန်ဖြူဇာစ်မြစ် (Origin)**

ကြက်သွန်ဖြူသည် ဗဟိုအာရှ (Central Asia) နှင့် အီရန်နိုင်ငံမြောက်ပိုင်းဒေသများမှ စတင်မြစ်ဖျားခံခဲ့ပြီး လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ ကျော်ကတည်းက အီဂျစ်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် စိုက်ပျိုးစားသုံးခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဒေသတွင်းစားသုံးမှု မြင့်မားသည့်အပြင် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့နိုင်သော ကုန်သွယ်စီးပွားရေးသီးနှံတစ်မျိုးဖြစ်သည်။

**ကြက်သွန်ဖြူတွင်ပါဝင်သော အာဟာရဓာတ်များ**

ကြက်သွန်ဖြူတွင် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အမျှင်ဓာတ်၊ ဗီတာမင် C ၊ ဗီတာမင် B6 နှင့် သတ္တုဓာတ်များဖြစ်သည့် မဂ္ဂနီးစ် (Mn)၊ ဆီလီနီယမ် (Se)၊ ကယ်လ်စီယမ် (Ca)၊ ပိုတက်စီယမ် (K) နှင့် အိုင်အိုဒင်း (I) စသည့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ ကြက်သွန်ဖြူ၏ ထူးခြားသောအနံ့နှင့် ဆေးဖက်ဝင်အစွမ်းများကို အဓိကပေးစွမ်းသည့် ဆာလဖာဒြပ်ပေါင်းဖြစ်သော အယ်လီဆင် (Allicin) ဒြပ်ပေါင်း ပါဝင်သည်။

**ကိုလက်စထရောကျဆင်းစေခြင်းနှင့် ခုခံအားစနစ်မြှင့်တင်ပေးခြင်း**

ကြက်သွန်ဖြူတွင် Allicin ပါဝင်သောကြောင့် ကြက်သွန်ဖြူပါဝင်သော အစားအစာများ စားသုံးပေးခြင်းဖြင့် သွေးဖိအားကိုထိန်းညှိပေးပြီး ခန္ဓာကိုယ်၏ ကျန်းမာရေးကိုထိခိုက်စေသည့် မကောင်းသည့် ကိုလက်စထရော (LDL) ကို လျော့ကျစေပြီး သွေးတိုးနှင့်သွေးတွင်းအဆီကျစေကာ ကျန်းမာရေးကို ကောင်းမွန်စေသည်။

ကြက်သွန်ဖြူသည် အအေးမိ၊ တုပ်ကွေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကာကွယ်ပေးသည်။ ကြက်သွန်ဖြူကိုအစိမ်းစားပေးခြင်းဖြင့် ခုခံအားစနစ်ကို မြှင့်တင်ပေးသောကြောင့် အအေးမိဖျားနာခြင်းနှင့် ချောင်းဆိုးခြင်းတို့ကို သက်သာစေသဖြင့် အအေးမိနေပါက ကြက်သွန်ဖြူနှစ်မြွှာခန့်စားပေးခြင်းဖြင့် သက်သာစေမည်ဖြစ်သည်။

**အစာခြေစနစ်ကိုကောင်းမွန်စေခြင်း**

ကြက်သွန်ဖြူသည် အူလမ်းကြောင်း၏လုပ်ငန်းဆောင်တာများကို တိုးတက်စေသည့်အပြင် မအီမသာဖြစ်ခြင်းနှင့် ယားယံခြင်းများကိုပါ သက်သာစေသောကြောင့် ကြက်သွန်ဖြူစားသုံးခြင်းဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေကြောင်း သိရှိနိုင်သည်။



**မျက်စိနှင့် နှလုံးကျန်းမာရေး အထောက်အကူပြုခြင်း**

ကြက်သွန်ဖြူတွင် Selenium၊ Quercetin နှင့် ဗီတာမင် C များစွာပါဝင်သောကြောင့် မျက်လုံးတွင်းပိုးဝင်ခြင်းကြောင့် ဖောင်းအစ်ခြင်းများ မဖြစ်စေဘဲ မျက်စိအားကောင်းစေပါသည်။

ကြက်သွန်ဖြူသည် ကိုလက်စထရောနှင့် အဆီများကို လျော့ချပေးသောကြောင့် သွေးကြောများ ပိတ်ဆို့ခြင်းကိုတားဆီးပေးပြီး သွေးလှည့်ပတ်မှုကို ကောင်းမွန်စေသောကြောင့် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး ရောဂါတစ်မျိုးဖြစ်သည့် နှလုံးရောဂါ ထဖောက်ခြင်းကိုကာကွယ်နိုင်ပြီး နှလုံးရောဂါ သက်သာစေရန်အတွက်လည်း ကြက်သွန်ဖြူက အထောက်အကူပြုသည်။

ကြက်သွန်ဖြူသည် ဆဲလ်များပျက်စီးမှုကိုကာကွယ်ပေးပြီး အသက်အရွယ်ကြောင့် ဖြစ်တတ်သော မေ့လျော့သည့်ရောဂါများမှ ကာကွယ်ပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်အာနိသင် (Antioxidants) များ ပါဝင်သည်။

ကြက်သွန်ဖြူတွင် ဆာလဖာဒြပ်ပေါင်းများစွာ ပါဝင်သောကြောင့် ခန္ဓာကိုယ်အတွင်းကလီစာများကို ပျက်စီးစေသည့် အဆိပ်အတောက်များကို ဖယ်ရှားပေးသည်။

**သွေးတိုးရောဂါသက်သာစေခြင်း**

ကြက်သွန်ဖြူတွင် Allicin ပါဝင်သောကြောင့် သွေးဖိအားမြင့်တက်မှုမဖြစ်စေဘဲ သွေးကြောများ ကောင်းမွန်စွာလည်ပတ်ရန် အထောက်အကူပြုပြီး သွေးတိုးရောဂါ သက်သာစေရန်အတွက် ကြက်သွန်ဖြူက စွမ်းဆောင်ပေးနိုင်သည်။

**အသည်းအားကောင်းစေခြင်း**

ကြက်သွန်ဖြူတွင်ပါဝင်သော အာဟာရဓာတ်များသည် အသည်းကျန်းမာရေးကို ကောင်းမွန်စေသောကြောင့် ကြက်သွန်ဖြူစားသုံးခြင်းဖြင့် အသည်းကို အားကောင်းစေသည်။

ကြက်သွန်ဖြူသည် ဗက်တီးရီးယားနှင့် မှိုရောဂါများကို တွန်းလှန်ပေးနိုင်သည့် သဘာဝပဋိဇီဝဆေးတစ်မျိုး (Antibacterial Properties) ဖြစ်သည်။

**အရိုးအဆစ်သန်မာစေခြင်း**

ကြက်သွန်ဖြူတွင်ပါဝင်သော အာဟာရဓာတ်များသည် အရိုးအဆစ်များကို သန်မာစေပြီး Estrogen များကို တိုးမြှင့်စေသောကြောင့် ထမင်းစားတိုင်း ကြက်သွန်ဖြူအမြွှာသေးသေးများကို ထည့်သွင်းစားသုံးသင့်သည်။

**ဘေးထွက်ဆိုးကျိုးများ**

ကြက်သွန်ဖြူသည် ဆေးဖက်ဝင်သည်ဆိုသော်လည်း ဆိုးကျိုးများအနေဖြင့် စားသုံးပြီးပါက ခံတွင်းနှင့်ချွေးမှ ကြက်သွန်ဖြူအနံ့ ထွက်နိုင်သဖြင့် ခံတွင်းအနံ့ဆိုးသည်ဟု ဆိုကြသည်။ ကြက်သွန်ဖြူအစိမ်းကို အလွန်အကျွံစားသုံးပါက ခံတွင်းပူခြင်း၊ ရင်ပူခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းဗိုက်မအီမသာဖြစ်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်နိုင်သည်။

**သတိပြုရမည့်အချက်များ**

ကြက်သွန်ဖြူသည် သွေးကိုကျဲစေသောသတ္တိရှိသဖြင့် ခွဲစိတ်ကုသမှုခံယူမည့်သူများ ခွဲစိတ်မှုမပြုလုပ်မီ အနည်းဆုံးနှစ်ပတ်အလိုတွင် ကြက်သွန်ဖြူ အလွန်အကျွံစားသုံးခြင်းကို ရပ်ထားသင့်သည်။ သွေးကျဲဆေး Thinner / Anticoagulants ဆေးဝါးများ ပုံမှန်မှီဝဲနေသူများအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ စားသုံးသင့်သည်။ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များမှာလည်း ပုံမှန်အတိုင်း ချက်ပြုတ်စားပါက ပြဿနာမရှိသော်လည်း အလွန်အကျွံစားသုံးခြင်းကို ဆင်ခြင်သင့်သည်။ အစာအိမ်ရောဂါအခံရှိသူများ၊ အစာအိမ်အနာရှိသူများအနေဖြင့် ကြက်သွန်ဖြူအစိမ်းအတိုင်းစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ တီဘီဆေးသောက်နေရသူများ၊ သွေးကျဲဆေးသောက်နေရသူများ၊ သန္ဓေတားဆေးသောက်နေရသူများ၊ ခုခံအားကျဆင်းမှုရောဂါကြောင့် ဆေးသောက်နေရသူများနှင့် NSAIDs အမျိုးအစား အကိုက်အခဲပျောက်ဆေးသောက်နေရသူများအနေဖြင့် ကြက်သွန်ဖြူ အလွန်အကျွံစားသုံးခြင်းကို ရှောင်သင့်ပြီး အကယ်၍ ကြက်သွန်ဖြူဖြည့်စွက်အားဆေးများသောက်မည်ဆိုလျှင်လည်း ဆရာဝန်နှင့်တိုင်ပင်ပြီးမှသာ သုံးစွဲသင့်သည်။

**အနှစ်ချုပ်**

ကြက်သွန်ဖြူသည် ဟင်းလျာများ၏အရသာကို တိုးတက်စေရုံမျှမက အယ်လီဆင် (Allicin) အပါအဝင် အဖိုးတန်အာဟာရဓာတ်များစွာ ပါဝင်သောကြောင့် "သဘာဝ၏ အံ့ဖွယ်ဆေးတစ်ပါး" ဟုပင် တင်စားနိုင်သည်။ ကျန်းမာရေးအတွက် အထူးကောင်းမွန်သည့် အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ ဆေးဖက်ဝင်ကြက်သွန်ဖြူကို ဘေးထွက်ဆိုးကျိုးမဖြစ်စေရန်အတွက် မိမိ၏ကျန်းမာရေးအခြေအနေပေါ်မူတည်၍ သင့်တင့်မျှတစွာ စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာ ရရှိစေမည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မင်းကင်း အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး ပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၄၄၁၂ ဧကထိစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ ဒသမ ၆၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်း ၄၄၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းတွေ စိုက်ပျိုးချိန်မှာလဲ တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့ အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

## ၂၀၂၄ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မီးထွန်းပွဲတော်

\- ချိန်ရာသီ သီတင်းကျွတ်လ
ကင်းစင်ပ မိုးစက်တွေ
သာယာမှုဝေ၊
တူဆင်နွှဲ ရိုးရာအမွေ
ထိန်းသိမ်းနေ ဘယ်ခါမပြင်း၊
နှစ်တိုင်းအစဉ်သာ
ခေတ်သမိုင်းသွင်ကာ ပျော်ရွှင်ခရီးတွက်
မီးထွန်းကြခြင်း။

\- ထိန်ထိန်သာ ဖိုးလမင်းက
တန်ခိုးပြရင်း အချိန်ခါ
မီးရောင်စုံဖြာ၊
လပြည့်ည ညအခင်းမှာ
အလှထင်းကာ သာယာမှု၊
စိန်ရွှေအခြေမီ
ထိန်ထိန်ဝေစီ မီးရောင်များနဲ့
ပျော်အားတွေစု။

\- မြတ်ကုသိုလ် ရည်ရွယ်ပြုရင်း
ပွဲတော်တစ်ခု ကျင်းပသနော်
တူရာသီခေါ်၊
တလွင့်လွင့်လူး ကောင်းကင်ပေါ်
လေမှာပျော် မီးပုံးပျံကြီး၊
ရည်သန်ပါလို
ပြည်မြန်မာကို ဂုဏ်ရောင်ထက်အောင်
လင်းလက်ဆီမီး။ ။

ဇေဒါမောင်(ပညာရေး)

## ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲဧက ၁၀၅၃၀ စိုက်ပျိုးမည်



ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ဧက ၁၀၅၃၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်တွင် စားတော်ပဲ ဧက ၁၀၅၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် စားတော်ပဲ စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၂၇၃၅ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၁၅၃၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၄၂၀၀၊ ဗန်းမောက်မြို့နယ်တွင် ၂၀၆၅ ဧက ဖြစ် စုစုပေါင်း ဧက ၁၀၅၃၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ စားတော်ပဲ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ စားတော်ပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေး ဆောင်ရွက်ပေးတာတွေ၊ လိုအပ်တဲ့သွင်းအားစုတွေ ပံ့ပိုးပေးတာတွေကို ဆောင်ရွက်ပေးသွားပါမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## သာစည်မြို့နယ် ဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေကျပ် ၁၃ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဘိုကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၁၃ ဒသမ ၈သန်း ထုတ်ချေးပေးခဲ့ကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း ဘက်စုံသုံးအားကစားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသား ကာယဗလမောင်ပြိုင်ပွဲတွင်ပါဝင်မည့် ပြိုင်ပွဲဝင်အတန်းများမှာ ၂၁ နှစ်အောက် ကာယဗလမောင်ပြိုင်ပွဲ၊ ၅၅ ကီလိုတန်း၊ ၆၀ ကီလိုတန်း၊ ၆၅ ကီလိုတန်း၊ ၇၀ ကီလိုတန်း၊ ၇၅ ကီလိုတန်း၊ ၇၅ ကီလိုအထက်၊ အမျိုးသား Athletic Physique up to 170cm ၊ အမျိုးသား Athletic Physique Over 170cm ၊ အမျိုးသား Sport Physique up to 170cm ၊ အမျိုးသား Sport Physique Over 170cm ၊ အမျိုးသား Fitness Physique Open တို့ဖြစ်ကြသည်။

အမျိုးသမီး ကာယကြံ့ခိုင်မှု ပြိုင်ပွဲတွင် Model Physique Up to 160cm ၊ Model Physique Over 160cm ၊ Athletic Physique Open ၊ Fitness Physique Open ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုလူရွေးပွဲ ပါဝင်ယှဉ်ပြိုင်မည့်သူများသည် ယနေ့မှစ၍ ပြိုင်ပွဲဝင်ပုံစံများကို ဗထူးကွင်းရှိ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီရုံး လေ့ကျင့်ရေးခန်းမ၌ စတင်လက်ခံမည်ဖြစ်ပြီး အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ကာ အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီတွင် ဗထူးကာယဗလ လေ့ကျင့်ရေးခန်းမ၌ ခါးနံ့ပါတ်နှင့် အလေးချိန်မည်ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်နှင့် သန်းခေါင်စာရင်းမူရင်းနှင့်အတူ စစ်ဆေးခံရမည်ဖြစ်ကြောင်း သိရသည်။

(တင်မောင် – မန္တလေး)

# နှစ်နိုင်ငံ ဆက်ဆံရေးအဆင့်ကို မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်သို့ ကနေဒါနှင့် တူကီယဲမြှင့်တင်



**အင်ကာရာ အောက်တိုဘာ ၂၃**

မြောက်အတ္တလန္တိတ် စာချုပ် (နေတိုး) အဖွဲ့ဝင်မဟာမိတ်များ ဖြစ်ကြသည့် ကနေဒါနိုင်ငံနှင့် တူကီယဲနိုင်ငံတို့သည် နှစ်နိုင်ငံ ဆက်ဆံရေးအဆင့်ကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်သို့ မြှင့်တင်ခဲ့သည်ဟု အောက်တိုဘာ ၂၂ ရက် သတင်းများတွင် ရေးသားတင်ပြထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး၏ တူကီယဲခရီးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး အဆင့်ကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အဆင့်မြှင့်တင်ရန် ကနေဒါနှင့် တူကီယဲတို့က သဘောတူခဲ့ကြခြင်းဖြစ်သည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် အောက်တိုဘာ ၂၂ ရက်တွင် သုံးရက်ကြာ ခရီးစဉ်အဖြစ် တူကီယဲနိုင်ငံ အင်ကာရာမြို့သို့ ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သည် ကနေဒါဝန်ကြီးချုပ်တစ်ဦး၏ ပထမဆုံး တူကီယဲ ခရီးစဉ်ဖြစ်ကြောင်း ကနေဒါမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးနှင့် တူကီယဲသမ္မတအာဒိုဂန်တို့သည် အောက်တိုဘာ ၂၂ ရက်တွင် အင်ကာရာမြို့သမ္မတနန်းတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး သဘောတူညီချက်အရ ကနေဒါနှင့် တူကီယဲနိုင်ငံတို့သည် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကာကွယ်ရေး၊ လုံခြုံရေး၊ စွမ်းအင်ကဏ္ဍတို့၌ ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင်မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေကြမ်း ဂရိလွှတ်တော်အတည်ပြု

**အေသင် အောက်တိုဘာ ၂၃**

အသက် ၁၅ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ထားသည့် ဥပဒေကြမ်း တစ်ရပ်ကို ဂရိလွှတ်တော်က ယနေ့တွင် အတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

လူမှုမီဒီယာများ သုံးစွဲမှုကြောင့် ကလေးများ၏ ကျန်းမာရေးနှင့် ဘေးကင်း လုံခြုံမှုတို့အပေါ် ဆိုးကျိုး သက်ရောက်လာနိုင်မည့် အရေးကို အများပြည်သူများက စိုးရိမ်နေကြချိန်တွင် အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေး ဥပဒေကြမ်းကို ဂရိလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဂရိလွှတ်တော်က အတည်ပြုခဲ့သည့် အဆိုပါ ဥပဒေသည် ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင် အာဏာသက်ဝင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေအရ လူမှုမီဒီယာ သုံးစွဲသူများ၏ အသက်အရွယ် စိစစ်ရေးနှင့် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များကို ကာကွယ်ရေးတို့အတွက် စနစ်တစ်ရပ်ဖန်တီးရန် လူမှုမီဒီယာကုမ္ပဏီများ အနေဖြင့် အချိန်နှစ်လခွဲရရှိမည် ဖြစ်ကြောင်း ဂရိဝန်ကြီးချုပ် မစ်ဆိုတားကစ်က ပြောကြားထားသည်။

ဂရိနိုင်ငံကဲ့သို့ အခြားသော ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည်လည်း ကလေးများလူမှုမီဒီယာသုံးစွဲမှုကို ဥပဒေဖြင့်ပိတ်ပင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကလေးများ လူမှုမီဒီယာသုံးစွဲမှုကို ဥပဒေဖြင့် ပိတ်ပင်ခဲ့သည့် ကမ္ဘာ့ပထမဆုံးနိုင်ငံမှာ ဩစတြေးလျနိုင်ငံဖြစ်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# ယူကရိန်းစစ်ရေးပဋိပက္ခပြီးဆုံးရေး အနာဂတ်ဆွေးနွေးပွဲများ၌ ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံလုံခြုံရေးကို အဓိကထားဆွေးနွေးမည်ဟု သမ္မတပူတင်ပြောကြား

**မော်စကို အောက်တိုဘာ ၂၃**

ယူကရိန်း စစ်ရေးပဋိပက္ခပြီးဆုံးရေးအတွက် ကျင်းပမည့် အနာဂတ် ဆွေးနွေးပွဲများတွင် ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံလုံးအတွက် လုံခြုံရေးအာမခံချက်များပေးရေး၊ ဥရောပလုံခြုံရေးအတွက် မူဘောင်တစ်ရပ် ရယူရေးတို့ကို အဓိကထား ဆွေးနွေးမည်ဟု ရုရှားသမ္မတ ပူတင်က အောက်တိုဘာ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တစ်ရက်အကြာတွင် ရုရှားသမ္မတပူတင်က ပြည်တွင်း ရုပ်သံသတင်းဌာနတစ်ခုနှင့် တွေ့ဆုံစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

လာမည့် နိုဝင်ဘာလအတွင်း ယူကရိန်းစစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် အမေရိကန်၊ ယူကရိန်းတို့နှင့် သုံးပွင့်ဆိုင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သမ္မတပူတင်က အတည်ပြုခဲ့သည်။

ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိခဲ့ပြီးနောက် ကျင်းပမည့် ဆွေးနွေးပွဲများတွင် ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံလုံး၏ လုံခြုံရေးအတွက် အဓိကထား ဆွေးနွေးမည်ဟု သမ္မတပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တပ်မတော်ဆိုင်ရာဆွေးနွေးပွဲများ ကျင်းပရေးအတွက် မြောက်ကိုရီးယားကို တောင်ကိုရီးယားအဆိုပြုထား

**ဆိုးလ် အောက်တိုဘာ ၂၃**

နယ်စပ် တည်နေရာများကို အတည်ပြုနိုင်ရေးနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ရေးတို့အတွက် တပ်မတော်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပရန် တောင်ကိုရီးယားနိုင်ငံက ယနေ့တွင် မြောက်ကိုရီးယားနိုင်ငံကို အဆိုပြုထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

စစ်မဲ့ဇုန်နယ်စပ်၌ မြေမြှုပ်မိုင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာနေချိန်တွင် တပ်မတော်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပရန် တောင်ကိုရီးယားက မြောက်ကိုရီးယားကို အဆိုပြုထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်လအတွင်း စစ်မဲ့ဇုန်နယ်စပ်၌ မြေမြှုပ်မိုင်းများ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တောင်ကိုရီးယားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မြေမြှုပ်မိုင်းများမှာ မြောက်ကိုရီးယားနိုင်ငံက ချထားသော မိုင်းများဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက စွပ်စွဲထားရာ ထိုစွပ်စွဲချက်ကို မြောက်ကိုရီးယားက ပယ်ချထားသည်။

စစ်မဲ့ဇုန် နယ်စပ်တည်နေရာများကို အပြန်အလှန်အတည်ပြုရန်နှင့် တပ်မတော်ဆိုင်ရာ ဆက်သွယ်ရေး လမ်းကြောင်း ပြန်လည်ထားရှိနိုင်ရေးတို့အတွက် တပ်မတော်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပရန် တောင်ကိုရီးယား ကာကွယ်ရေး ဝန်ကြီးဌာနက မြောက်ကိုရီးယားကို တရားဝင် အဆိုပြုထားကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

ကိုရီးယားနှစ်နိုင်ငံ နယ်စပ်တစ်လျှောက်၌ စစ်အင်အား ထပ်မံဖြည့်တင်းထားကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်၏ညီမ ကင်ယိုဂျောင်က ပြောကြားခဲ့ပြီး ရက်အနည်းငယ်အကြာတွင် တပ်မတော်ဆိုင်ရာ ဆွေးနွေးပွဲများကျင်းပရန် တောင်ကိုရီးယားက မြောက်ကိုရီးယားကို အဆိုပြုထားခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကက်တမင်း မူးယစ်ဆေးဝါး ၁ ဒသမ ၁၆ တန် အင်ဒိုနီးရှားအမျိုးသားရဲတပ်ဖွဲ့ သိမ်းဆည်း




**ဂျကာတာ အောက်တိုဘာ ၂၃**

မလေးရှားနိုင်ငံမှ ရောက်ရှိလာသော မွန်ဂိုလီးယားမှတ်ပုံတင် ရေနံတင် သင်္ဘောတစ်စီးပေါ်မှ ကက်တမင်း မူးယစ်ဆေးဝါး ၁ ဒသမ ၁၆ တန်ကို အင်ဒိုနီးရှား အာဏာပိုင်များက သိမ်းဆည်းခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားတင်ပြထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ကက်တမင်းမူးယစ်ဆေးဝါးများကို ယခုရက်သတ္တပတ်အစောပိုင်းတွင် မြောက်ဆူမတြားပြည်နယ်ကမ်းလွန်ရေပြင်အတွင်း သိမ်းဆည်း နိုင်ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ကက်တမင်း မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ရေနံတင်သင်္ဘောပေါ်တွင် လိုက်ပါလာသည့် ရေယာဉ်မှူးများနှင့် အင်ဂျင်နီယာတို့အပါအဝင် အင်ဒိုနီးရှားနိုင်ငံသား ခုနစ်ဦးနှင့် တရုတ်(တိုင်ပေ) အမျိုးသားတစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားထားသည်။

ရေနံတင်သင်္ဘောပေါ်မှ သိမ်းဆည်းနိုင်ခဲ့သည့် ကက်တမင်း မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၂ ဒသမ ၆၄ သန်းထိ ရှိသည်ဟု အင်ဒိုနီးရှားရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# နာဆာက အားတီးမစ်-၃ မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်ကို စမ်းသပ်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၃ မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်ကို စမ်းသပ်ခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာရ်အက်စ်-၂၅ ဒုံးအင်ဂျင် စမ်းသပ်မှုကို မစ္စစ္စပီပြည်နယ် စိန့်လူးဝစ် ပင်လယ်အော်အနီးရှိ နာဆာ၏ စတန်းနစ်အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုအတွင်း နာဆာကျွမ်းကျင်သူများသည် အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်ကို ရှစ်မိနစ်ခွဲထိ စက်နှိုးလည်ပတ်ခဲ့ကြောင်း သိရသည်။

အာရ်အက်စ်-၂၅ ဒုံးအင်ဂျင်များသည် အားတီးမစ်-၃ မစ်ရှင် လွှတ်တင်ရာတွင် အသုံးပြုမည့် SLS ဒုံးပျံများအတွက် တည်ဆောက်ထားသည့် ဒုံးအင်ဂျင်ဖြစ်ကြောင်း သိရသည်။

အာရ်အက်စ်-၂၅ ဒုံးအင်ဂျင် လေးလုံးသည် SLS ဒုံးပျံများအတွက် တွန်းပင့်အားပေါင် နှစ်သန်းထိ ထုတ်ပေးနိုင်သည်ဟု နာဆာကျွမ်းကျင်သူများက ပြောကြားထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်-၃ မစ်ရှင်အရ အာကာသယာဉ်မှူး လေးဦးလိုက်ပါမည့် အိုရီယွန်အာကာသယာဉ်ကို SLS ဒုံးပျံဖြင့် ယခုနှစ်ကုန်ပိုင်းတွင် လကမ္ဘာအနီးသို့လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# သက်လတ်ပိုင်းအရွယ်တွင် ကိုယ်အလေးချိန်ကို လျှော့ချနိုင်ပါက နှလုံးကျန်းမာရေးကို ထိန်းထားနိုင်

**လန်ဒန် အောက်တိုဘာ ၂၃**

သက်လတ်ပိုင်းအရွယ်တွင် ကိုယ်အလေးချိန်ကို လျှော့ချနိုင်ပါက နှလုံးကျန်းမာရေးကို ထိန်းထားနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ အောက်တိုဘာ ၂၂ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသက် ၅၀ ပိုင်းခန့်တွင် ကိုယ်အလေးချိန် လျှော့ချခဲ့ကြသော ကိုယ်အလေးချိန်လွန်ကဲသူ အမျိုးသားများနှင့် အမျိုးသမီးများ၏ နှလုံးကျန်းမာရေးမှာ ပုံမှန်ကိုယ်အလေးချိန် ရှိသူများကဲ့သို့ပင် ကောင်းမွန်မှုရှိကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ၁၉၂၈ ခုနှစ်၏ ရက်သတ္တတစ်ပတ်တာကာလအတွင်း မွေးဖွားခဲ့သူ ၆၀၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များနှင့် နှလုံးကျန်းမာရေး အခြေအနေတို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ အသက် ၅၀ ပိုင်းခန့်အရွယ်တွင် ကိုယ်အလေးချိန်ကို ငါးရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့သည့် ကိုယ်အလေးချိန် လွန်ကဲသူ အမျိုးသား၊ အမျိုးသမီးများ၏ နှလုံးကျန်းမာရေး အခြေအနေမှာ အသက် ၆၂ နှစ် အရောက်တွင် ပုံမှန် ကိုယ်အလေးချိန်ရှိသူများကဲ့သို့ပင် ကောင်းမွန်မှုရှိကြောင်း၊ အသက် ၅၀ ပိုင်း အရောက်တွင် ကိုယ်အလေးချိန် လျှော့ချနိုင်ခြင်းဖြင့် ကိုယ်အလေးချိန် လွန်ကဲသူများအနေဖြင့် နှလုံးကျန်းမာရေး ပြဿနာများ ပေါ်ထွက်လာနိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**

# Starship ဒုံးပျံနှင့် စူပါဟဲဗီးပင်မဒုံးယာဉ်နှစ်စင်းစလုံးကို ပစ်စင်၌တပ်ဆင်ထားသည့် စက်ရုပ်လက်တံဖြင့်ဖမ်းယူရန် စပေ့အိတ်ကုမ္ပဏီ စီစဉ်ထား

**ဝါရှင်တန် အောက်တိုဘာ ၂၃**

Starship-15 မစ်ရှင်ကို လွှတ်တင်ချိန်တွင် Starship ဒုံးပျံနှင့် စူပါဟဲဗီးပင်မဒုံးယာဉ် နှစ်စင်းစလုံးကို ပစ်စင်၌တပ်ဆင်ထားသည့် စက်ရုပ်လက်တံဖြင့် ဖမ်းယူရန် စပေ့အိတ်ကုမ္ပဏီက စီစဉ်ထားကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပေ့အိတ်ကုမ္ပဏီသည် Starship-15 မစ်ရှင်ကို လာမည့် နိုဝင်ဘာလအတွင်း လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Starship ဒုံးပျံသည် ကမ္ဘာပေါ်၌ အကြီးမားဆုံးနှင့်စွမ်းဆောင်ရည် အမြင့်မားဆုံးဒုံးပျံဖြစ်ပြီး Starship ဒုံးပျံနှင့် စူပါဟဲဗီးပင်မဒုံးယာဉ်တို့ကို ပေါင်းစပ်တပ်ဆင်ပြီးပါက ကိုယ်ထည်အလျားပေ ၄၀၀ ကျော်ထိ ရှိမည်ဖြစ်ကြောင်း သိရသည်။



စပေ့အိတ်ကုမ္ပဏီသည် ရှေးယခင်က Starship ဒုံးယာဉ်ကိုသာ ပစ်စင်၌တပ်ဆင်ထားသည့် စက်ရုပ်လက်တံဖြင့် ဖမ်းယူနိုင်ခဲ့သည်။

စပေ့အိတ်ကုမ္ပဏီသည် Starship-14 မစ်ရှင်ကို ယခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်ခဲ့ရာ ၎င်းမစ်ရှင်အတွင်း Starship ဒုံးပျံနှင့် စူပါဟဲဗီးပင်မဒုံးယာဉ်တို့မှာ ပင်လယ်ရေပြင်များအတွင်း ပြန်လည်ဆင်းသက်ခဲ့ကြကြောင်း သိရသည်။

စပေ့အိတ်ကုမ္ပဏီသည် လကမ္ဘာနှင့် အင်္ဂါဂြိုဟ်များပေါ်သို့ လူသားများစေလွှတ်နိုင်ရေး ရည်မှန်းချက်ဖြင့် Starship ဒုံးပျံများကို တည်ဆောက်လွှတ်တင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားကိုသုံး၍ Dementia ရောဂါလက္ခဏာများကို ဖော်ထုတ်နိုင်

**လန်ဒန် အောက်တိုဘာ ၂၃**

အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ ဘက်တီးရီးယားများကို အသုံးချ၍ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) လက္ခဏာများကို စစ်ဆေး ဖော်ထုတ်နိုင်သည်ဟု သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၂၂ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အစာခြေလမ်းကြောင်းစနစ်အတွင်းရှိ ဇီဝလက္ခဏာများသည် လူတစ်ဦး၏မှတ်ဉာဏ်နှင့်စဉ်းစားနိုင်စွမ်း မည်မျှဆိုးရွားနေသည်ကို ပြသနိုင်ဖွယ်ရှိကြောင်း ဗြိတိန်နိုင်ငံ ကာဒစ်ဖ်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ သက်ကြီးပိုင်း ၃၅ ဦးတို့၏ ကျင်ကြီးနမူနာများကို လူ့ဉာဏ်ရည်တုနည်းပညာ (AI) ဖြင့် လေ့လာဆန်းစစ်ခဲ့ကြသည့် ရလဒ်များအရ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်အပျော့စား ပျက်စီးမှုပြဿနာရှိနေသူများသည် မရှိသူများနှင့်နှိုင်းယှဉ်ပါက အစာခြေလမ်းကြောင်းစနစ် ဘက်တီးရီးယားစုဖွဲ့မှုပုံစံ ကွဲပြားခြားနားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ တွေ့ရှိချက်အရ တွေးတောဆင်ခြင်နိုင်မှုစွမ်းရည် အပျော့စားပျက်စီးမှုပြဿနာရှိနေသူများ၏ အစာခြေလမ်းကြောင်းစနစ်တွင် Izemo-plasmatales App ခေါ် ဘက်တီးရီးယားတစ်မျိုး ပုံမှန်ထက်များပြားနေတတ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# စပေ့အိတ်ကုမ္ပဏီက စတားဖောလ် မြေဆင်းအာကာသယာဉ်ကို အောက်တိုဘာ ၂၁ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် စတားဖောလ်အမည်ရှိမြေဆင်းအာကာသယာဉ်ကို အောက်တိုဘာ ၂၁ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စပေ့အိတ် ကုမ္ပဏီသည် စတားဖောလ်မြေဆင်းအာကာသယာဉ်ကို အခြားဂြိုဟ်တု ၃၁ စင်းနှင့်အတူ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၅၇ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားဖောလ်အပါအဝင် ဂြိုဟ်တု ၃၂ စင်းစလုံးကို သတ်မှတ်ပတ်လမ်းပေါ်သို့အောင်မြင်စွာပို့ဆောင်ပေးနိုင်ခဲ့သည်ဟုစပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

စပေ့အိတ်ကုမ္ပဏီသည်စတားဖောလ် မြေဆင်းအာကာသယာဉ်နှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

သို့ရာတွင် စတားဖောလ် မြေဆင်းအာကာသယာဉ်သည် အမြင့် ၂ ဒသမ ၅ ပေ၊ အဝန်း ၁၀ ဒသမ ၂ ပေရှိပြီး ကုန်ပစ္စည်းအလေးချိန် ကီလိုဂရမ် ၁၀၀၀ သယ်ဆောင်နိုင်ကြောင်း၊ စပေ့အိတ်ကုမ္ပဏီသည် စတားဖောလ် မြေဆင်းအာကာသယာဉ်ကို ယခုနှစ် ဇွန် ၂၃ ရက်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ရှိ မြခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဟာ (ဇော်ဝင်းထွဋ်)" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေအဆင်းနဲ့ ပြည်မြန်မာ(နွဲ့ယဉ်ဝင်း)" သီချင်းဖြင့်လည်းကောင်း မြန်မာ့ဂီတအနုပညာ၏ အနှစ်သာရနှင့် သီဆိုမှုစွမ်းရည်များကို ဖော်ထုတ်တင်ဆက်ကာ အပြိုင်အဆိုင်ပါဝင်ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ရိုးရာအက၏ စည်းချက်ဝါးချက်၊ ကဟန်အမူအရာနှင့် ကကြိုးကကွက်များကို ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးချကာ သွက်လက်ညီညာပြီး ကျော့ရှင်းလှပသည့် အကအလှများဖြင့် ယှဉ်ပြိုင်ကပြကြသည်။

အရေးပြိုင်ပွဲ (သီချင်းသံစဉ် ထည့်သွင်းလေ့ကျင့်သီဆိုခြင်း)ကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့ဂုဏ်ရည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆောင်းဦးဟေမန်" ခေါင်းစဉ်ဖြင့်လည်းကောင်း သီချင်းစာသားများကို သံစဉ်အမျိုးမျိုးဖြင့် လိုက်ဖက်ညီညွတ်စွာထည့်သွင်းသီဆိုကြပြီး အသံနေအသံထား၊ သံစဉ်အတက်အကျနှင့် သီဆိုဟန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ပေါင်းစပ်ဖော်ကျူးကာ မြန်မာ့ရိုးရာဂီတအနုပညာ၏ အနှစ်သာရနှင့် သီဆိုမှုအနုပညာရသတို့ကို ပေါ်လွင်အောင် ရသစုံလင်စွာ ယှဉ်ပြိုင်သီဆိုကြသည်။

"စောင်း"အတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ ရှိ နီလာခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "အိုသာတင့်ဆုံး(ယိုးဒယား)"သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "သည်ဆောင်းဟေမာန်"(ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ"(ဘွဲ့)သီချင်းဖြင့်လည်းကောင်း မြန်မာ့ရိုးရာစောင်း၏ နူးညံ့သာယာသော သံစဉ်များ၊ စည်းချက်ညီညာသည့် လက်သံများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာတီးခတ်၍ မြန်မာ့ရိုးရာတေးဂီတ၏ အနှစ်သာရနှင့် စောင်းအတီးပညာ၏ နူးညံ့သိမ်မွေ့သော အနုပညာအလှတရားများကို ပေါ်လွင်အောင် ဖော်ထုတ်တင်ဆက်ယှဉ်ပြိုင်ကြသည်။












ဆိုင်းဝိုင်းကြီးတစ်ဦးချင်း အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေဘုန်းရွှေဘုန်း"ကြိုးသီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တာသစ်ကယ်လေကူး" ပတ်ပျိုးသီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုန်းဆင့်ဆင့်တိုး" ပတ်ပျိုးသီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ပတ္တလားပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲများက "နန်းဘုံသီဟာဗွေ"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဟေမာန်ဗွေဟန်"(ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

တယောအတီးပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ယံရွှေလျှံ" (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စိမ်းလဲ့လဲ့"(ကြိုး) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲကို နေပြည်တော်တည်းခိုရေးစခန်း ပုဗ္ဗသီရိ တပ်နယ်ခန်းမ၌ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကန်မင်းသာစွ"(ယိုးဒယား)သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဂီတာအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ချစ်မိုးဆွေ" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင်

**စာမျက်နှာ ၉ သို့**

# ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ ကျင်းပသည့် ၁၆ ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များညီလာခံသို့ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်




**နေပြည်တော် အောက်တိုဘာ ၂၃**

ဘရူနိုင်းဒါရုဆလမ်နိုင်ငံ Jerudong မြို့၌ ၁၆ ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံနှင့် ဆက်စပ် ပထမအကြိမ် အာဆီယံရှေ့နေချုပ်များ အစည်းအဝေးကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်ထိကျင်းပရာ အဆိုပါအစည်းအဝေးနှင့်ညီလာခံသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ရှေ့နေချုပ် H.E. Datin Seri Paduka Dayang Hajah Nor Hashimah ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး ၁၆ ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ် H.E. Mr. Ying Yong နှင့် အာဆီယံနိုင်ငံများမှ ရှေ့နေချုပ်များ တက်ရောက်ခဲ့ကြသည်။

၁၆ ကြိမ်မြောက် တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံကို "ဒီဂျစ်တယ်ခေတ်တွင် ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေမူဘောင်များ ဟန်ချက်ညီစေရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက တရုတ်-အာဆီယံ ရှေ့နေချုပ်များညီလာခံသည် ဒေသတွင်း ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နယ်စပ်ဖြတ်ကျော်ပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးတို့တွင် အဓိကကျသော မူဘောင်တစ်ခုအဖြစ် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ မှစ၍ ရပ်တည်ခဲ့ပါကြောင်း၊ ဒီဂျစ်တယ်နည်းပညာ လျင်မြန်စွာတိုးတက်လာမှုသည် ကလေးသူငယ်များနှင့် လူငယ်များအတွက် အပြန်အလှန် လေ့လာသင်ယူနိုင်သော သင်ထောက်ကူများရရှိခြင်း၊ ကမ္ဘာ့အသိပညာများကို ချက်ချင်းလက်လှမ်းမီခြင်းနှင့် ဖန်တီးမှုဆိုင်ရာ ဒီဂျစ်တယ်စွမ်းရည်များကို မြှင့်တင်နိုင်ခြင်းစသည့်အခွင့်အလမ်းများကို ဆောင်ကြဉ်းပေးပါကြောင်း၊ တစ်ဖက်တွင်လည်း ကလေးသူငယ်များသည် အွန်လိုင်းမှ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့် အန္တရာယ်ရှိသောထိခိုက်ခံရနိုင်ခြေပိုမိုမြင့်မားလာနေပြီး အင်တာနက်ဆက်သွယ်မှုများမှတစ်ဆင့် ကလေးသူငယ်များအပေါ်ကျူးလွန်သည့် ဒီဂျစ်တယ်ပြစ်မှုများသည် နယ်စပ်ဖြတ်ကျော်ပြစ်မှုများဖြစ်လာကြကြောင်း၊ ဤခြိမ်းခြောက်မှုများကို မည်သည့်နိုင်ငံမျှ တစ်ဦးတည်း မဖြေရှင်းနိုင်သဖြင့် မိမိတို့၏ ဥပဒေစနစ်များကြား နီးကပ်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကလေးသူငယ် အခွင့်အရေးများကို ကာကွယ်ရန်အတွက် မြန်မာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်း၍ ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်မှုများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ(NCRC)ကိုဖွဲ့စည်း၍ အမျိုးသားအဆင့်မူဝါဒများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ပေါ်ပေါက်လာသော ဒီဂျစ်တယ်ခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် ဆိုက်ဘာလုံခြုံရေးဥပဒေ၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဂျစ်တယ်ခေတ်တွင် ကလေးသူငယ်များကို ကာကွယ်ပေးခြင်းသည် တရုတ်-အာဆီယံဒေသ၏ အနာဂတ်နှင့်တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းလည်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကလေးသူငယ်များနှင့် လူငယ်များအတွက် ပိုမိုဘေးကင်းလုံခြုံပြီး ဟန်ချက်ညီသော ဒီဂျစ်တယ်ကမ္ဘာတစ်ခုကို တည်ဆောက်ရန် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်လက်တွဲ၍ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ညီလာခံသို့တက်ရောက်လာကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှေ့နေချုပ်၊ အာဆီယံနိုင်ငံများမှ ရှေ့နေချုပ်များက ၁၆ ကြိမ်မြောက် တရုတ်-အာဆီယံရှေ့နေချုပ်များ ညီလာခံ၏ပူးတွဲကြေညာချက် Joint Declaration of the 16th China-ASEAN Prosecutors General Conference ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၈ မှအဆက်**

ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စက်လဲပျော်ပါနိုင်" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များနှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "နန်းဘုံသီဟာဗွေ" (ယိုးဒယား)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "သုဝဏ္ဏသာမ" ဇာတ်တော်ကြီးဖြင့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မန္တလာပန်တျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှိ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ဝိဓူရ" ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု မင်းနိုင်စိုး ဇာတ်သဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဇာတ်လမ်းဇာတ်ကွက်များကို ထင်ဟပ်ပေါ်လွင်စေသည့် တီးလုံးတီးချက်များ၊ မြန်မာ့ဇာတ်သဘင်၏ ဆို၊ ငို၊ ပြော အနုပညာပညာရပ်များနှင့် အကအလှများကို အချိုးညီညီ ပေါင်းစပ်၍လည်းကောင်း၊ ဇာတ်ကောင်တစ်ဦးချင်းစီ၏ ဟန်ပန်အမူအရာ၊ အသံနေ အသံထားနှင့် သရုပ်ဆောင်ပီပြင်မှုတို့ဖြင့်လည်းကောင်း မြန်မာ့ရိုးရာဇာတ်သဘင်အနုပညာ၏ အနှစ်သာရနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ကျူးကာ အနုပညာရသမြောက်စွာ ယှဉ်ပြိုင်ကြသည်။









ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် အဆင့်တူ ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုသိုလ်တရားများ ထုံမွမ်းနေသော အဘိဓမ္မာအခါတော်နေ့

မောင်စိန်အိ(နဘဲမြေ)

မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ပူဇော်ကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ပြန်လည်ကြွမြန်းလာတော်မူသည့် မြတ်စွာဘုရားရှင်ကို သင်္ကဿနဂိုရ်ပြည်မှ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးထွန်းညှိပူဇော်ခဲ့သည့်အစဉ်အလာအတိုင်း သီတင်းကျွတ်လတွင် မီးထွန်းပွဲပြုလုပ်ကြသည်။

**အဘိဓမ္မာတရား ဟောကြားတော်မူခဲ့**

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကိုအမှူးပြု၍ လောကဓာတ်တစ်သောင်းမှ စုဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရားဟောကြားတော်မူသည်။ တရားဟောကြားပြီး ဝါကျွတ်သောအခါ သိကြားမင်းဖန်ဆင်းသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ဖြင့် လူ့ပြည်သင်္ကဿနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။

ထိုအခါ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးထွန်းကာ မြတ်စွာဘုရားကို ကြိုဆိုကြသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူပြည်သူတို့သည် သီတင်းကျွတ်လသို့ရောက်သည့်အခါ ဆီမီးထွန်းညှိပူဇော်ကြခြင်းဖြစ်သည်။ ဘုရားရှင် ဆင်းသက်ကြွမြန်းလာသည်ကို ရည်မှန်းပြီး ဘုရားရှင်ကို ပူဇော်သောအားဖြင့် ဆီမီးထွန်းကာ မီးထွန်းပွဲကျင်းပသော အစဉ်အလာသည် ရှေးဘိုးဘေးဘီဘင်များလက်ထက်ကပင်ရှိခဲ့သည်။ ထိုအစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် နှစ်စဉ်နှစ်တိုင်း မြတ်စွာဘုရားရှင်ကိုရည်မှန်း၍ သီတင်းကျွတ်မီးထွန်းပွဲတော်အဖြစ်ကျင်းပလာခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ သက်ဆင်းတော်မူသည်ကို အကြောင်းပြုလျက် ဤနေ့ကို "အဘိဓမ္မာအခါတော်နေ့"ဟု သတ်မှတ်ကာ အဘိဓမ္မာရွတ်ဖတ်ပူဇော်ပွဲများလည်း ကျင်းပကြသည်။

**ပဝါရဏာပွဲတော်ကျင်းပ**

မြတ်စွာဘုရားရှင်၏ တပည့်သံဃာတော်များသည် ဝါတွင်းသုံးလကာလပတ်လုံး ကျောင်းကန်အသီးသီး၌ ဝါကပ်သီတင်းသုံးပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် ဝိနည်းနှင့်အညီ ပဝါရဏာပွဲတော်ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်းဟု အဓိပ္ပာယ်ရရှိသည်။ ရဟန်းသံဃာအချင်းချင်း အပြန်အလှန်ဖိတ်ကြားခြင်းနှင့် တောင်းပန်တိုက်တွန်းခြင်းများ ပြုလုပ်ကြသည်။ မြတ်ဗုဒ္ဓ၏ဝိနည်းဒေသနာတော်ကို ဆက်လက်ထိန်းသိမ်းခြင်းပင်ဖြစ်သည်။

ရဟန်းတို့သည် သီတင်းကျွတ်လပြည့်နေ့တွင် တညီတညွတ်တည်းစည်းဝေးကြ၍ ထေရ်စဉ်အလိုက် "ငါ့အရှင်တို့ သံဃာကိုဖိတ်ကြားပါ၏။ မြင်၍ဖြစ်စေ၊ ကြား၍ဖြစ်စေ၊ ယုံမှား၍ဖြစ်စေ အရှင်တို့သည် ကျွန်ုပ်အားအစဉ်သနားခြင်းကို အကြောင်းပြု၍ ပြောဆိုကုန်လော့။ မြင်သည်ရှိသော် ကုစားပါအံ့" ဟုပဝါရဏာပြုခြင်းသည် ကျက်သရေမင်္ဂလာကောင်းခြင်းအဖြာဖြာနှင့်ပြည့်စုံပေသည်။

**မိဘ၊ ဘိုးဘွား၊ ဆရာများကို ကန်တော့**

ထိုပဝါရဏာနည်းတူ လူတို့သည်လည်း သက်ကြီးရွယ်အိုများ၊ မိဘဘိုးဘွားများ၊ ဆရာများကို အပြစ်မှ ခွင့်လွှတ်စေကြောင်းဝန်ချ၍ကန်တော့ကြသည်မှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ သီတင်းကျွတ်ပွဲတော်၏အနှစ်သာရပင်ဖြစ်သည်။ အထူးသဖြင့် မိဘများနှင့်သက်ကြီးဘိုးဘွား၊ဆရာများကို စိတ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း ပြစ်မှားမှုများရှိခဲ့သော်ခွင့်လွှတ်ပေးရန် တောင်းပန်ကန်တော့ခြင်းဖြစ်သည်။ သက်ကြီးရွယ်အို၊ ဆရာ၊ မိဘများကလည်း တပည့်၊ သား၊သမီးများကို လွန်ကဲစွာပြောဆို၊ ပြုမူခဲ့မှုများရှိလျှင် ခွင့်လွှတ်ပေးရန်ပြန်လည်တောင်းပန်လေ့ရှိကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ကြီးသူနှင့်ငယ်ရွယ်သူတို့ကြား အကျိတ်အခဲများ၊ အာဃာတများကို အပြန်အလှန်သင်ပုန်းချေကြခြင်းဖြစ်သည်။ အာဃာတများ၊ နာကြည်းမုန်းတီးမှုများကို ခွင့်လွှတ်ကြရန် အပြန်အလှန် တောင်းပန်ကြသည်။ ချစ်စရာကောင်းသော အလေ့အထပင်ဖြစ်သည်။

> ❖ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးပြု၍ လောကဓာတ်တစ်သောင်းမှ စုဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့ကို ဝါတွင်းသုံးလကာလပတ်လုံး အဘိဓမ္မာတရားဟောကြားတော်မူသည်။ တရားဟောကြားပြီး ဝါကျွတ်သောအခါ သိကြားမင်းဖန်ဆင်းသည့် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသုံးသွယ်ဖြင့် လူ့ပြည်သင်္ကဿနဂိုရ်ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။ ❖

ထိုသို့ သက်ကြီးဘိုးဘွား၊ မိဘ၊ ဆရာများကို ကန်တော့ပြီးချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားသလိုခံစားရလေ့ရှိသည်။ လူကြီးသူမများ၊ မိဘ၊ ဆရာများ၏ ပို့သသောဆုတောင်းမေတ္တာသည် စာရေးသူတို့အပေါ် ကျရောက်လာနိုင်သည့်မကောင်းသော ဘေးအန္တရာယ်များကို ကျော်လွှားနိုင်စွမ်းရှိစေသည်။ ရိုသေထိုက်သူကို ရိုသေခြင်း၊ ကျေးဇူးရှိသူ မိဘ၊ ဆရာသမားများ၏ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာတရားပင်ဖြစ်သည်။ ထိုအလေ့အထသည် မြန်မာနိုင်ငံတွင်သာတွေ့မြင်ရသည်။

သီတင်းကျွတ်ကာလတွင် မိဘ၊ဆရာသမားများကို ကန်တော့ရာတွင် ငွေနှင့်ပစ္စည်းတန်ဖိုးသည် အခရာမကျပေ။ ကျေးဇူးသိတတ်မှုသည်သာလျှင် အဓိကကျလျက်ရှိသည်။ ဘိုးဘွား၊ မိဘ၊ ဆရာများကလည်း လက်ဆောင်ပစ္စည်းကို မျှော်လင့်တောင့်တလေ့မရှိဘဲ တပည့်၊သား၊သမီးများ၏ကျေးဇူးသိတတ်မှုစိတ်ဓာတ်ကိုသာ တမ်းတလေ့ရှိကြသည်။ အချို့သော ဆရာ၊ မိဘများသည် အကြောင်းအမျိုးမျိုးရှာကာ တပည့်၊ သား၊ သမီးများကို မုန့်ဖိုးပေးလေ့ရှိကြသည်။ အထူးသဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ငွေကြေးတတ်နိုင်သူ မိဘ၊ ဆရာများသည် လာရောက်ကန်တော့ကြသည့် တပည့်၊ သား၊ သမီးများကို ငွေကြေးချီးမြှောက်ပေးလေ့ရှိကြသည်။

**ပျော်ပွဲရွှင်ပွဲများ**

သီတင်းကျွတ်ကာလတွင် မိုးလေကင်းစင်သဖြင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးသာယာလေ့ရှိသည်။ ရပ်ကွက်၊ ကျေးရွာအလိုက် ဝါတွင်းဆွမ်းလောင်းပွဲများ၊ ဘုရားပွဲတော်များ၊ အလှူများဖြင့် စည်ကားနေလေ့ရှိသည်။ မီးပုံးပျံလွှတ်တင်သည့်ပြိုင်ပွဲများကိုလည်းပြုလုပ်ကြသည်။ ကလေးငယ်များသည် မီးရှူးမီးပန်းများ ပစ်ဖောက်ကစားကြသည်။ စေတနာသဒ္ဓါတရား ရက်ရောသူများကလည်း နိဗ္ဗာန်ဈေးများဖွင့်လှစ်ကာ လာလာသမျှသော လူတို့ကို အယုတ်၊ အလတ်၊ အမြတ်မရွေး စတုဒိသာ ကျွေးမွေးလှူဒါန်းကြသည်။

သီတင်းကျွတ်အချိန်အခါသာမယတွင် မြန်မာနိုင်ငံအနှံ့အပြားပွဲတော်များ ပြုလုပ်ကြသည်။ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့ညများတွင် နေအိမ်များ၊ လမ်းများ၊ ဘုရား၊ ကျောင်းကန်များတွင် မြတ်စွာဘုရားအားရည်မှန်းကာ ဆီမီးများ ထွန်းညှိပူဇော်ထားသည်မှာ ထိန်ထိန်လင်းလျက်ရှိသည်။ ထိုမြင်ကွင်းသည် လမ်းသွား၊ လမ်းလာ၊ ပွဲတော်ဆင်နွှဲသူများကို ပီတိဖြစ်စေပြီး ကုသိုလ်တရားများ ရရှိပွားများစေနိုင်သည်။

သီတင်းကျွတ်သည့်အခါ အများပြည်သူတို့အနေဖြင့် မြတ်စွာဘုရားရှင်ကို ပူဇော်သောအားဖြင့် ဆီမီးထွန်းညှိပူဇော်ခြင်းကိုသာ အလေးအနက်ပြုကြလေ့ရှိသည်။ သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ တန်ခိုးကြီးဘုရားများတွင် ဘုရားဖူးများ၊ ကောင်းမှုကုသိုလ်ပြုလုပ်သူများနှင့် အထူးစည်ကားလျက်ရှိသည်။ ဘုန်းတော်ကြီးကျောင်းများတွင်လည်း ဥပုသ်သီတင်းသီလ ဆောက်တည်သူများနှင့် ပြည့်နှက်လျက်ရှိသည်။ သီတင်းကျွတ်ပွဲတော်ကာလတွင် ကျောင်းများပိတ်ထားသဖြင့် ကလေးများလည်း အနားရပြီး စိတ်လွတ်ကိုယ်လွတ်ပျော်ရွှင်နိုင်ကြသည်။

**ကုသိုလ်တရားများ ထုံမွမ်းနေသော အဘိဓမ္မာအခါတော်နေ့**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ဆီမီးထွန်းညှိပူဇော်ခြင်း၊ ပဝါရဏာပြုလုပ်ခြင်း၊ မိဘဆရာသမားများကိုကန်တော့ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း စသည့်ကောင်းမှုကုသိုလ်များပြုလုပ်ကြသည်။ အထူးသဖြင့် လက်ရှိအချိန်ထိ မြတ်စွာဘုရားကို ရည်မှန်း၍ ဆီမီးပူဇော်သည့် ယဉ်ကျေးမှုအစဉ်အလာ ထွန်းကားနေခြင်းသည် ဗုဒ္ဓသာသနာထွန်းလင်းတောက်ပနေခြင်းသာဖြစ်ပေသည်။

သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်တော်မူခြင်းသည် အနှစ်သာရဖြစ်သည်။ မြတ်စွာဘုရားရှင်တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့ ပြန်ကြွတော်မူသောအခါ မြတ်ဗုဒ္ဓကတန်ခိုးတော်ဖြင့် ငရဲ၊ တိရစ္ဆာန်၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအချင်းချင်း အဆီးအတားမရှိ မြင်တွေ့ဖူးမြော်ခွင့်ရခြင်းဖြစ်သည်။

လောကလူသားကောင်းကျိုးအတွက် မြတ်စွာဘုရားရှင်သည် ဝေနေယျသတ္တဝါအပေါင်းတို့အားလုံးမကျန်ဖူးမြော်ခွင့်ကိုရရှိစေခဲ့ရာ မြတ်စွာဘုရားရှင်၏ ကျေးဇူးတော်မှာ ကြီးမားလှပေသည်။ မြတ်စွာဘုရား၏ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်၍ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော အဘိဓမ္မာတရားတော်ကို နာယူအာရုံပြုပြီး ကုသိုလ်ထူးကို ရယူနိုင်ကြမည်ဖြစ်ပေသည်။ သီတင်းကျွတ်လပြည့်နေ့သည် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာသုံးပါးစလုံး ရည်မှန်းပူဇော်နိုင်သော နေ့ထူးနေ့မြတ်ဖြစ်၍ ထူးကဲလှပေသည်။ မြတ်စွာဘုရားတန်ခိုးတော်၊ အဘိဓမ္မာတရားတော်နှင့် ရဟန်းတို့၏ ကြည်ညိုဖွယ်ပဝါရဏာကို မြင်တွေ့နိုင်ပေသည်။

ဆိုရလျှင် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးများသည် တာဝတိံသာနတ်ပြည်မှလူ့ပြည်သို့ပြန်လည် ကြွမြန်းလာသည့် ဗုဒ္ဓမြတ်စွာဘုရားကို ဆီမီးထွန်းညှိပူဇော်ခြင်း၊ မြတ်ဗုဒ္ဓ၏ တပည့်သံဃာတော်များက ပဝါရဏာကျင်းပကြခြင်းနှင့် သား၊ သမီးများက ဘိုးဘွား၊ မိဘ၊ ဆရာများကို ကန်တော့ကြခြင်း စသည့်ကောင်းမှုကုသိုလ်အဝဝကိုပြုလုပ်ဖြစ်ကြသည်။ မြန်မာလူမှုအသိုက်အဝန်းတွင် မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ ကြီးသူနှင့်ငယ်ရွယ်သူတို့ကြား အပြန်အလှန်နားလည်မှုနှင့် သည်းခံခွင့်လွှတ်မှုများရရှိသော အချိန်အခါလည်းဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့၏ ယဉ်ကျေးမှုရှေးရိုးအစဉ်အလာ မပျက် စိတ်ကြည်နူးချမ်းမြေ့ဖွယ် မီးထွန်းပူဇော်ပွဲနေ့တစ်နေ့ဟုဆိုသည်ထက် အမိကျေးဇူးဆပ်သောနေ့၊ အဘိဓမ္မာအခါတော်နေ့၊ မြတ်စွာဘုရားရှင်ကို ရည်မှန်းပူဇော်သောနေ့၊ ပဝါရဏာပြုသောနေ့ဟူ၍ မွန်မြတ်သောသဒ္ဓါဆန္ဒဖြင့် ကုသိုလ်ပြုကြမည်ဆိုလျှင် ထူးကဲသောကောင်းမှုကုသိုလ်များရရှိကြမည်မှာ ဧကန်မုချပင်ဖြစ်ပေသည်။

**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း အတွဲ-၁၃။
- ၂၉-၁၀-၂၀၂၃ ထုတ် ကြေးမုံသတင်းစာ။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# အစ္စရေးနိုင်ငံက AH-64E အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ် ၁၂ စင်း ဝယ်ယူရန် အမေရိကန်နှင့်စာချုပ်ချုပ်ဆို



အစ္စရေးနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဌာနသည် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) အတွက် အမေရိကန် Boeing ကုမ္ပဏီထုတ် AH-64E အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ် ၁၂ စင်း ဝယ်ယူရန် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းတို့၏ ရဟတ်ယာဉ်အုပ်စုတွင် နောက်ဆုံးပေါ် "Echo"အမျိုးအစားကို ထပ်မံဖြည့်တင်းနိုင်မည်ဖြစ်သည်။ ယခုသဘောတူညီချက်သည် အစ္စရေးအစိုးရထံမှ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၂၄ သန်း သုံးစွဲခွင့်ပြုချက်ရရှိခဲ့ပြီးနောက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ရဟတ်ယာဉ်များကို ၂၀၃၀ ပြည့်နှစ်အစောပိုင်းတွင် စတင်လက်ခံရရှိမည်ဟု အစ္စရေးနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက မျှော်မှန်းထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်းက အမေရိကန်နိုင်ငံသည် အစ္စရေးနိုင်ငံကို AH-64E အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ် အစင်းရေ ၃၀ အပြင် စက်နှိုးစနစ်များ၊ မီးထိန်းရေဒါများ၊ ပစ်မှတ်ရှာဖွေရေးစနစ်များနှင့် ထောက်ပံ့ပို့ဆောင်ရေး အထောက်အပံ့များပါဝင်သည့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ ရောင်းချမှုကို အတည်ပြုပေးခဲ့သည်။

အဆိုပါရဟတ်ယာဉ်များ ဝယ်ယူမှုသည် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(IDF)၏ တပ်ဖွဲ့တည်ဆောက်ရေးတွင် အရေးပါသော အဆင့်တစ်ရပ်ဖြစ်ပြီး လာမည့်နှစ်များအတွင်း မတူကွဲပြားသောခြိမ်းခြောက်မှုများကို တန်ပြန်ရာ၌ ၎င်း၏စစ်ဆင်ရေးစွမ်းရည်များကို ပိုမိုခိုင်မာအားကောင်းစေမည်ဖြစ်ကာ အစ္စရေးနိုင်ငံ၏လုံခြုံရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး Israel Katz က ပြောကြားခဲ့သည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် စိန်ခေါ်မှုများကိုကျော်လွှားပြီး ဤစာချုပ်ကို အကောင်အထည်ဖော်ရန် ကြိုးပမ်းခဲ့ကာ IDF အနေဖြင့် အနာဂတ်စိန်ခေါ်မှုများအတွက် အသင့်ရှိနေသည်ဟု အစ္စရေးကာကွယ်ရေးဝန်ကြီး Israel Katz က ထပ်မံပြောကြားခဲ့သည်။

အင်ဂျင်နှစ်လုံးတပ်နှင့် ရှေ့နောက်ထိုင်ခုံပါရှိသော AH-64E အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ်သည် Hellfire ဒုံးကျည် ၁၆ စင်း၊ ၂ ဒသမ ၇၅ လက်မ ဒုံးကျည် ၇၆ စင်းနှင့် ကျည်ဆန် ၁၂၀၀ ထိ ပါရှိသော M230 အမျိုးအစား မီလီမီတာ ၃၀ စက်သေနတ်တို့ကို သယ်ဆောင်နိုင်စွမ်းရှိသည်။ ထို့ပြင် ၎င်းတွင် Link 16 ဆက်သွယ်ရေးစနစ်၊ ဒရုန်းများကို ထိန်းချုပ်နိုင်သည့် မောင်းသူပါနှင့် မောင်းသူမဲ့ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်များအပြင် နောင်တွင် အဆင့်မြှင့်တင်မှုများ ပြုလုပ်နိုင်ရန်အတွက် Modular ပုံစံဒီဇိုင်းများကို ထည့်သွင်းတပ်ဆင်ထားသည်။

လက်ရှိတွင် အစ္စရေးနိုင်ငံသည် AH-64A Peten ရဟတ်ယာဉ် ၂၃ စင်းနှင့် AH-64D Saraph ရဟတ်ယာဉ် အစင်း၂၀ ခန့်ကို အသုံးပြုလျက်ရှိသည်။ မြေပြင်တိုက်ခိုက်ရေးတာဝန်များအပြင် မောင်းသူမဲ့လေယာဉ်များ (UAVs)ကို ကြားဖြတ်ဟန့်တားရာတွင်လည်း အသုံးပြုခဲ့သည်။

အထူးသဖြင့် AH-64E အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ်တွင် ပါရှိသော မောင်းသူပါနှင့် မောင်းသူမဲ့ ပူးပေါင်းဆောင်ရွက်မှုစွမ်းရည် (MUM-T)သည် တိုက်ခိုက်ရေးရဟတ်ယာဉ်မှနေ၍ ကင်းထောက်ဒရုန်းများကို တိုက်ရိုက်ထိန်းချုပ်ကွပ်ကဲနိုင်သဖြင့် အန္တရာယ်ရှိသော စစ်မြေပြင်အတွင်းပိုင်းထိ အခက်အခဲမရှိ ပစ်မှတ်ရှာဖွေတိုက်ခိုက်နိုင်စွမ်းကို မြင့်တက်နိုင်ကြောင်း သိရသည်။

**Israel Signs Deal for 12 AH-64E Apache Attack Helicopters** ကို ဘာသာပြန်ဆိုထားပါသည်။

# လတ်ဗီးယားနိုင်ငံမှ NATRIX ကုမ္ပဏီက မြေပြင်သွားမောင်းသူမဲ့ယာဉ်ကို ဖင်လန်နိုင်ငံသရုပ်ပြပွဲတွင် ပြသခဲ့

လတ်ဗီးယားနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များသို့ မြေပြင်မောင်းသူမဲ့ယာဉ်များ ပံ့ပိုးပေးနေသည့် NATRIX ကုမ္ပဏီသည် တိုက်ပွဲနယ်မြေတွင် လက်တွေ့စမ်းသပ်အသုံးပြုထားသော မြေပြင်သွားမောင်းသူမဲ့ယာဉ်(UGV)ကို ဖင်လန်နိုင်ငံ မစ်ကယ်လီမြို့၌ ကျင်းပသည့် မြေပြင်မောင်းသူမဲ့စနစ်များသရုပ်ပြပွဲ၌ ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက အောက်တိုဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသရုပ်ပြပွဲတွင် ယာဉ်သည် သစ်တောအတွင်း သွားလာခြင်း၊ အတားအဆီးများကို ဖြတ်ကျော်ခြင်းနှင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းတို့ကို လက်တွေ့ပြသခဲ့သည်။

၎င်းသရုပ်ပြပွဲကို ဖင်လန်နိုင်ငံ၏ ကာကွယ်ရေးပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အဓိကပါဝင်ဆောင်ရွက်နေသည့် Millog ကုမ္ပဏီက စီစဉ်ခဲ့ပြီး မြေပြင်သွားမောင်းသူမဲ့ယာဉ် ထုတ်လုပ်သည့် ကုမ္ပဏီအများအပြားပါဝင်ခဲ့ကြောင်း သိရသည်။

လက်တွေ့သရုပ်ပြမှုတွင် NATRIX ကုမ္ပဏီ၏ မြေပြင်သွားမောင်းသူမဲ့ယာဉ်သည် ကြမ်းတမ်းသည့် သစ်တော၌ သွားလာနိုင်စွမ်း၊ အတားအဆီးများကို ဖြတ်ကျော်နိုင်စွမ်း၊ ကုန်ပစ္စည်းသယ်ဆောင်နိုင်စွမ်းနှင့် အော်ပရေတာက အဝေးမှ ထိန်းချုပ်မောင်းနှင်နိုင်စွမ်းတို့ကို ပြသခဲ့သည်။ ထို့ပြင် ကုမ္ပဏီတာဝန်ရှိသူများက အဆိုပါယာဉ်ကို တိုက်ပွဲနယ်မြေတွင် အသုံးပြုခဲ့စဉ် ရရှိခဲ့သည့်အတွေ့အကြုံများနှင့် သင်ခန်းစာများကိုလည်း တက်ရောက်လာသူများကို ရှင်းလင်းတင်ပြခဲ့သည်။

NATRIX ကုမ္ပဏီ၏ မြေပြင်သွားမောင်းသူမဲ့ယာဉ်သည် ဘက်ထရီစွမ်းအင်ဖြင့်မောင်းနှင်သည့် အရွယ်အစားကျစ်လျစ်သော ယာဉ်အမျိုးအစားဖြစ်ပြီး ရှေ့တန်းတပ်ဖွဲ့များသို့ လိုအပ်သောပစ္စည်းများ ဖြည့်တင်းပို့ဆောင်ခြင်း၊ ဒဏ်ရာရစစ်သည်များကို ဘေးကင်းရာသို့ သယ်ထုတ်ခြင်းနှင့် ကင်းထောက်ရေးလုပ်ငန်းများကို အထောက်အကူပြုခြင်းတို့အတွက် ရည်ရွယ်ထုတ်လုပ်ထားသည်။ အဆိုပါ မြေပြင်သွားမောင်းသူမဲ့ယာဉ်သည် အလေးချိန် ကီလိုဂရမ် ၂၀၀ ကျော် ရှိသောဝန်ကို သယ်ဆောင်နိုင်သည်။ ထို့ပြင် NATO စံနှုန်းနှင့် ကိုက်ညီသည့် ဒဏ်ရာရစစ်သည်သယ်စင်ကို တပ်ဆင်အသုံးပြုနိုင်သဖြင့် စစ်မြေပြင်မှ ဒဏ်ရာရသူများကို ကယ်ထုတ်ရာတွင် အထောက်အကူပြုနိုင်သည်။ ဆက်သွယ်ရေးပိုင်း၌လည်း ရေဒီယိုလှိုင်းနှောင့်ယှက်မှုများရှိနေသည့် ပတ်ဝန်းကျင်တွင် ဆက်သွယ်မှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အရန်ဆက်သွယ်ရေးလမ်းကြောင်းများစွာကို အသုံးပြုထားကြောင်း သိရသည်။



၂၀၂၄ ခုနှစ် ဧပြီလတွင် လတ်ဗီးယားကာကွယ်ရေးဝန်ကြီးဌာနသည် ပြည်တွင်းထုတ် မြေပြင်သွားမောင်းသူမဲ့ယာဉ်များ ဝယ်ယူဖြည့်တင်းရန် NATRIX၊ Brasa Defence Systems၊ LV-Teh ကုမ္ပဏီတို့နှင့် စာချုပ်များ ချုပ်ဆိုခဲ့သည်။ ၎င်းအစီအစဉ်သည် ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းများကို မြှင့်တင်ပေးရန်နှင့် အဆိုပါယာဉ်များကို လတ်ဗီးယားအမျိုးသားလက်နက်ကိုင်တပ်ဖွဲ့၏ ပုံမှန်တပ်ဖွဲ့များတွင် အဆင့်ဆင့်ထည့်သွင်းအသုံးပြုရန်ရည်ရွယ်ထားသည်။ စာချုပ်များတွင် ထောက်ပံ့ရေး၊ ပြုပြင်ထိန်းသိမ်းရေးနှင့် ခေတ်မီအဆင့်မြှင့်တင်ရေးတို့ပါဝင်သည့်အပြင် လိုအပ်ပါက အလျင်အမြန်ထပ်မံမှာယူနိုင်ရန် စီစဉ်ထားသည်။

NATRIX ကုမ္ပဏီသည် အနာဂတ်တွင် ယာဉ်၏ အလိုအလျောက် လုပ်ဆောင်နိုင်စွမ်းများကိုတိုးမြှင့်ရန် ရည်ရွယ်ထားသည်။ ၎င်းတို့တွင် မောင်းသူပါသည့် "Follow Me" စနစ်နှင့် မူလနေရာသို့ ပြန်လည်ရောက်ရှိစေသည့် အလိုအလျောက်စနစ်တို့ပါဝင်သည်။ ထို့ပြင် မိုင်းရှင်းလင်းရေးကိရိယာများနှင့် လက်နက်စနစ်များ တပ်ဆင်အသုံးပြုနိုင်ရေးကိုလည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် စီစဉ်ထားသည်။ NATRIX ကုမ္ပဏီသည် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များကဲ့သို့ အရေးပါသော အခြေခံအဆောက်အအုံများကို ကင်းလှည့်စောင့်ကြည့်ရန် သီးခြားမြေပြင်သွား မောင်းသူမဲ့ယာဉ်တစ်မျိုးကိုလည်း ပြီးခဲ့သည့်လက မိတ်ဆက်ပြသခဲ့သည်။ ဖင်လန်နိုင်ငံ မစ်ကယ်လီမြို့၌ သရုပ်ပြမှုအပြီးတွင် ဖင်လန်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများသည် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးမှုများ စတင်နိုင်ခဲ့သည်ဟု NATRIX ကုမ္ပဏီက ထုတ်ပြန်ထားကြောင်း သိရသည်။

**Latvia's combat-tested ground drone shows off in Finland** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# Vice-President U Nyo Saw addresses first coordination meeting of Central Committee for 79th Independence Day Celebrations in 2027



**Vice-President U Nyo Saw addresses the first coordination meeting of the Central Committee for the 79th Independence Day Celebrations in 2027.**

**Nay Pyi Taw October 23**

The first coordination meeting of the Central Committee for the 79th Independence Day Celebrations in 2027 was held this morning at the meeting hall of the Union Government Office in Nay Pyi Taw, with Vice-President U Nyo Saw, Chairman of the Central Committee, attending and delivering remarks.

Union ministers, the Commander of Nay Pyi Taw Regional Command, deputy ministers and officials from the subcommittees, who are members of the Central Committee, attended the meeting.

At the meeting, the Vice-President said that, with the approval of the President, the Central Committee for the 79th Independence Day Celebrations in 2027 had been formed, along with 10 subcommittees under the Central Committee to take responsibility for different sectors. He said the President had laid down four national objectives for Independence Day to ensure that the celebrations were held meaningfully and in keeping with their national significance.

The four objectives are as follows: to consistently promote the interests of the State and its citizens, grounded in the principles of the non-disintegration of the Union, the non-disintegration of national solidarity, and the perpetuation of national sovereignty for the perpetuation of the independence and national sovereignty; for all ethnic nationalities to cooperate in unity and cohesion to achieve enduring, nationwide peace; for the people and the government to work hand-in-hand with unremitting perseverance, guided by the motto that "The Strength of the Nation Lies Within"; and to strive continuously toward the development of the socio-economic lives and interests of the State and its citizens, with the aim of transforming the nation into one that can stand proudly and confidently among the nations of the world.

He also called on officials from all subcommittees to coordinate their efforts to ensure the successful holding of Independence Day celebrations. He urged them to openly review the shortcomings and strengths experienced in previous years and contribute suggestions and discuss measures to ensure that the celebrations would be conducted smoothly without any gaps or omissions.

Next, the chairpersons and officials of the respective subcommittees formed to ensure the successful holding of the 79th Independence Day celebrations in 2027 explained the preparations made and the plans for further implementation.

The Vice-President then reviewed and discussed the presentations, coordinated the necessary measures, and delivered concluding remarks before bringing the meeting to a close. MNA

# Commander-in-Chief of the Defence Services General Ye Win Oo encourages contestants at 27th Myanmar Traditional Cultural Performing Arts Competition





**Commander-in-Chief of the Defence Services General Ye Win Oo watches performances at the 27th Myanmar Traditional Cultural Performing Arts Competition.**

**Nay Pyi Taw October 23**

Commander-in-Chief of the Defence Services General Ye Win Oo, accompanied by delegation members, attended and encouraged contestants competing in the 27th Myanmar Traditional Cultural Performing Arts Competition (2026) this afternoon.

First, General Ye Win Oo and party observed the basic education level (ages 10 to 15) male and female xylophone (Pattala) playing competition held at the Mini Theatre of the National Museum. They then proceeded to Nilar Hall at the Myanmar International Convention Centre-1 (MICC-1) to view the basic education level (ages 15 to 20) female harp (Saung) competition and the basic education level (ages 10 to 15) female harp competition. Subsequently, they attended the higher education level female singing competition under the theme of uplifting national prestige and integrity held at Mya Hall, where they cordially greeted the panel of judges and the contestants.

The said competitions were attended and observed alongside Commander-in-Chief of the Defence Services General Ye Win Oo by union-level dignitaries, union ministers, senior military officers from the Office of the Commander-in-Chief, members of the panel of judges, managers, instructors, ethnic national contestant brothers and sisters from regions and states across the country, civil service personnel, families of civil service personnel, and art-loving citizens. 100

# Vice-President Daw Nan Ni Ni Aye encourages contestants competing in 27th Myanmar Traditional Cultural Performing Arts Competition





Vice-President Daw Nan Ni Ni Aye watches performances at the 27th Myanmar Traditional Cultural Performing Arts Competition.

**Nay Pyi Taw October 23**

Patron of the Organizing Committee for the 2026 (27th) Myanmar Traditional Cultural Performing Arts Competition, Vice-President Daw Nan Ni Ni Aye, together with Union Ministers and their wives, senior military officers and their wives, Deputy Ministers, Ministers from Regions and States, and responsible officials, attended and encouraged contestants competing in the 27th Myanmar Traditional Cultural Performing Arts Competition (Central Level) held at designated venues in Nay Pyi Taw today.

First, the Vice-President and party observed the higher education level men's harp competition at Nilar Hall of the Myanmar International Convention Centre-1 (MICC-1) in the morning, where contestants from various regions and states played the traditional Myanmar harp using the song "Oh Tha Tint Sone (Yodaya)" with correct rhythm and timing, producing melodious and subtle musical sounds to capture the essence of Myanmar music. They also attended the higher education level men's singing competition (Upholding National Prestige and Integrity) at Mya Hall, where contestants passionately sang the song "Maha (Zaw Win Htut)" with vocal precision, tone dynamics, and expressive posture to highlight national pride, heritage, and patriotism.

In the afternoon, they watched the basic education level (ages 10–15) men's dance competition at Sin Phyu Shin Hall in the Nay Pyi Taw Guest House, where contestants from various regions and states performed neat and graceful traditional Myanmar dance steps and expressive movements with agility and enthusiasm.

The State organizes the Myanmar Traditional Cultural Performing Arts Competitions under policy objectives aimed at bolstering patriotic spirit and national pride among all citizens, preserving Myanmar's cultural heritage and national characteristics, promoting genuine Myanmar music, dance, and traditional arts, fostering mental development among the youth, and safeguarding against the influence of foreign cultures, according to the news agency. 100

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) goes on

Systematic continued demolition of a five-storey building used for online gambling operations in Shwe Kokko Part-II.





Demolition using heavy machinery.





Completion of the demolition.

**Nay Pyi Taw October 23**

The government has placed emphasis on combat against online scams and gambling as a national responsibility and carried out total demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again in such crimes.

In doing so, a 5-storey building among those used in online scams and gambling and being demolished with the use of machinery in Shwe Kokko (Part-II) was knocked down up to 80 percent toady while the demolition of another 5-storey building with the use of machinery completed up to 30 percent so far.

Out of 63 buildings to demolished in Shwe Kokko (Part-II), 25 were classified to be demolished with the use of machinery, four to be detonated and 34 to be manually brought down floor by floor due to their proximity to residential buildings and systematic demolition works were being carried out. Systematic demolition of four buildings to be detonated and two to be pulled down with the use of machinery completed while plans were underway to bring down 57 remaining buildings.

In cooperation with neighboring and regional countries, the government has placed a special emphasis on complete eradication of online scams and gambling, which has posed a threat on the global socio-economic arena and national security. 100

# Suspects involved in online fraud and gambling arrested along with operational equipment near Mongtwam, Monghsat Township, Shan State (East)





Arrest of 95 Chinese men involved in online fraud and gambling operations near Mongtwam, Eastern Shan State.



Arrest of 95 Chinese men involved in online fraud and gambling operations near Mongtwam, Eastern Shan State.




Seizure of operational equipment used in online fraud and gambling activities near Mongtwam, Eastern Shan State.

**Nay Pyi Taw October 23**

The Myanmar Government prioritizes combating online fraud and gambling operations that pose a global menace as a national duty, actively collaborating not only with domestic stakeholders but also with neighbouring governments to completely prevent such activities from taking root within the country.

As joint security teams conducted area clearance, search, and screening operations to ensure online fraud and gambling syndicates do not establish footholds in local areas, they arrested 95 illegal Chinese men and four women engaged in online scams and gambling at around 4:30 pm on 21 October, approximately 3,600 metres northeast of Mongtwam in Monghsat Township, Eastern Shan State. The arrests were made inside a 100-foot by 50-foot zinc-roofed, corrugated iron-clad building used for conducting scam and gambling operations, along with 13 all-in-one computers, 193 mobile phones of various models, two Starlink devices, 23 tables, and 92 chairs.

Following necessary investigations, stern and effective legal action will be taken against the arrested suspects under existing laws, and the seized operational equipment will be processed in accordance with established procedures.

Recognizing that online fraud and gambling severely damage the social lives of people worldwide, undermine human ethics and dignity, and threaten both the public interest and national security, the Government will continue to carry out effective searches, inspections, and crackdowns in cooperation with domestic forces and neighbouring governments until these syndicates are completely eradicated from the country. The public is requested to cooperate in combating these operations by reporting any information regarding online fraud and gambling activities to the relevant authorities. Security forces will also step up their momentum in eradicating online fraud and gambling syndicates in partnership with local residents.

100

# Trump turns to Cold War-era law to tackle fuel crisis

**Washington October 23**

US President Donald Trump has invoked a Cold War-era national security law to boost domestic oil production and refining, as rising fuel prices threaten the Republicans' chances in November's midterm elections.

Speaking on Thursday at a Republican campaign rally in Iowa – an agricultural state where farmers have been hit hard by the oil crisis – Trump announced that his administration would use the Defense Production Act (DPA) to provide up to $150 million to expand American refining capacity and produce diesel and gasoline "at record levels."

He also predicted that the Iran and Ukraine conflicts would end soon, sending gasoline and oil prices "tumbling down."

Enacted in 1950, the DPA allows Washington to financially support industries deemed essential to national defense. In a presidential memorandum, Trump designated domestic petroleum production, refineries, pipelines, and storage facilities as critical to national security, arguing that private companies could not expand capacity quickly enough without federal intervention.

Energy Secretary Chris Wright promised the funds would be deployed in cooperation with private companies, while the Department of Energy separately projected the initiative would increase refining output by millions of gallons of gasoline, diesel, jet fuel, and other products per day.

Vice President J.D. Vance had earlier announced plans to invoke the law to expand a Delek-operated refinery in Tyler, Texas, although such projects typically take months, if not years, to complete.

RT

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၉၆၉ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၂၉၆၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် မြေထောက်ပဲ စိုက်ပျိုးရန်အတွက် လျာထားမှု အနေဖြင့် ကလေးမြို့နယ်တွင် ၂၂၅၅ ဧက၊ ကလေးဝမြို့နယ်တွင် ၂၇၂ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၄၄၂ ဧက စုစုပေါင်း ၂၉၆၉ ဧကတို့ ဖြစ်ကြောင်း၊ အဆိုပါ မြေထောက်ပဲစိုက်ပျိုးမှုကို ယခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးခရိုင်မှာ မြေထောက်ပဲ ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မြေထောက်ပဲကို အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြသည်။

ကလေးခရိုင်တွင် မြေထောက်ပဲ စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါကဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေကြွယ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# သာပေါင်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ ထွက်ရှိလျက်ရှိပြီး အောက်တိုဘာလ ပထမပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဈေးကွက်ဝင် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၃၅၀၀၀ မှ ၄၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ဒီဘက်ကထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူတာများနေပါတယ်။ အခုအရောင်းအဝယ် ကောင်းနေတဲ့ ဒေသထွက် ကြက်ဟင်းခါးသီးတွေကလဲ ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ ကြက်ဟင်းခါးသီးတွေ ဝယ်ယူအားကောင်းလာတော့ စိုက်တဲ့တောင်သူတွေ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေ အဆင်ပြေလာပါတယ်" ဟု သာပေါင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။



သာပေါင်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ကြံခင်းစသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သာပေါင်းမြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးသူထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုးညိုမြို့နယ် ကျားကျွန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုးညို အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျားကျွန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့်ဝန်ထမ်းများက ကျားကျွန်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းတစ်ဖက်လျှင် အရှည်ပေ ၆၅၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ၃ ဒသမ ၉၇ သန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**




# မိုင်းကိုင်မြို့နယ် နောင်လျှော်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**မိုင်းကိုင် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုခဲကျေးရွာအုပ်စု နောင်လျှော်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနှစ်ဦးကို ရွေးချယ်ဖွဲ့စည်း ပေးခဲ့ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲယှဉ်ပြိုင်နေမှု ကြည့်ရှုအားပေး





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသားအက ပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်စောအဲ့မျိုး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် ကျင်းပလျက်ရှိသည့် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)ရှိ နီလာခန်းမ၌ကျင်းပလျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသားစောင်းအတီးပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ "အိုသာတင့်ဆုံး(ယိုးဒယား )" သီချင်းဖြင့် မြန်မာ့ရိုးရာစောင်းတူရိယာ၏ သိမ်မွေ့နက်နဲသော အသံနွဲ့၊ အသံနှိုင်းများကို စည်းနှင့်ဝါးမှန်ကန်စွာဖြင့် ဂီတရသပေါ်လွင်အောင် သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ မြခန်းမ၌ ကျင်းပလျက်ရှိသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသားအဆို(အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး)ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ "မဟာ(ဇော်ဝင်းထွဋ်)"သီချင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် တိုင်းပြည်ချစ်စိတ်ပေါ်လွင်အောင် ပိုင်နိုင်လှပသော အသံအနေအထား၊ အသံအနိမ့်အမြင့်၊ ဟန်ပန်မူရာအပြည့်ဖြင့် တက်ကြွစွာ သီဆိုယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပလျက်ရှိသည့် အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားအကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၏လှပသေသပ်လှသည့် မြန်မာ့ရိုးရာကကွက်၊ ဟန်ပန်အမူအရာများကို ပိုင်နိုင်သွက်လက်တက်ကြွစွာဖြင့် ကပြယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို မိမိတို့နိုင်ငံသူ၊နိုင်ငံသားများအားလုံး၏ရင်ထဲတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့်မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်များ ဆက်လက်ထွန်းကားပြန့်ပွားရေး၊ လူငယ်ထုအတွင်း စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးစသည့် မူဝါဒရည်မှန်းချက်များချမှတ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာစွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။



⚐ **ရှေ့ဖုံးမှအဆက်**

ကျင်းပရေးဗဟိုကော်မတီကို နိုင်ငံတော်သမ္မတ၏ခွင့်ပြုချက်အရဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအောက်တွင် ကဏ္ဍအလိုက်တာဝန်ယူဆောင်ရွက်မည့် ဆပ်ကော်မတီ ၁၀ ခုကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ အဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံတော်သမ္မတက လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် လေးရပ်ကို ချမှတ်ပေးခဲ့ကြောင်း။

အဆိုပါ ဦးတည်ချက် လေးရပ်မှာ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအပေါ် အခြေခံပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အစဉ်ရှေးရှုဖော်ဆောင်ရေး၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည် ဆိုသည့်ဆောင်ပုဒ်အတိုင်း ပြည်သူနှင့်အစိုးရသည် မဆုတ်မနစ်သည့် ဖွဲလုံ့လများနှင့် လက်တွဲညီညီဆောင်ရွက်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်သော နိုင်ငံတစ်ခုဖြစ်လာစေရန်စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရေးတို့ဖြစ်ကြောင်း။

လွတ်လပ်ရေးနေ့ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ဆပ်ကော်မတီများမှ တာဝန်ရှိသူအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ယခင်နှစ်များက တွေ့ကြုံခဲ့ရသည့်အားနည်းချက်များနှင့် အားသာချက်များအပေါ် ပြန်လည်သုံးသပ်ပြီး လစ်ဟာမှုမရှိဘဲ ကျင်းပနိုင်ရေးအတွက် ရှင်းနှီးပွင့်လင်းစွာဖြင့် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၇ ခုနှစ် ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသော ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုတင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အမျိုးသား၊အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) နီလာခန်းမ၌ ကျင်းပသည့် အတီး(စောင်း)အခြေခံပညာ(အသက် ၁၅ နှစ်မှ အသက် ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲနှင့် အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်)အမျိုးသမီးပြိုင်ပွဲကို လည်းကောင်း၊ မြခန်းမ၌ကျင်းပသည့် အဆို(အမျိုးဂုဏ်၊ဇာတိဂုဏ်မြှင့်တင်ရေး)အဆင့်မြင့်ပညာအမျိုးသမီးပြိုင်ပွဲကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါပြိုင်ပွဲများသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအကိုမောင်နှမများ၊ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုပညာကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)

# ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင် ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈)သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၂၈) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင် တက်ရောက်၍ သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြည့်ဖြိုးကျော်၊ အင်္ဂလိပ်စာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လူလူမင်းဆွေတို့ကို ဆုများအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ယူကြရတော့မည့်သူများအနေဖြင့် လက်အောက်ငယ်သားများ၏ စိတ်ဓာတ်နှင့်စွမ်းရည်တို့ကို စနစ်တကျ စုစည်းပြီး ပေးအပ်လာသည့်တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်ကြရမှာဖြစ်သကဲ့သို့ နိုင်ငံတော်အပေါ်၊ တပ်ဖွဲ့အပေါ်နှင့် တပ်မတော်နှင့်အတူလက်တွဲ၍ နယ်မြေခံပြည်သူ့စစ်အဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ဒေသခံပြည်သူလူထုများနှင့်အတူ တည်ငြိမ်အေးချမ်းမှုပျက်ပြားနေသည့်နေရာဒေသများတွင် တည်ငြိမ်အေးချမ်းမှုပြန်လည်ရရှိအောင် ဆောင်ရွက်လျက်ရှိပြီး တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေကို ကာကွယ်စောင့်ရှောက်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်ကို ကောင်းယုံကြည်မှုပင်ဖြစ်သည်”ဆိုသည့် ခံယူချက်နှင့်အညီ ပြည်သူကလေးစားပြီး အားကိုးယုံကြည်ရသည့် စွမ်းရည်ရှိသောရဲတပ်ဖွဲ့ဖြစ်စေရေး ကြိုးပမ်းထမ်းဆောင်သွားကြစေလိုကြောင်း။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ တိုးမြှင့်ဆောင်ရွက်ပြီး ပြည်သူများ၏လူမှုစီးပွားဘဝကိုထိခိုက်စေနိုင်သည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ တပ်မတော်၊ ပြည်သူတို့နှင့်အတူ ပူးပေါင်းလက်တွေ့နယ်ပယ်၌ အသုံးချနိုင်သည်ထိ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူအတွက်ဖြစ်စေရမည်ဟူသည့်ခံယူချက်ဖြင့် လေ့ကျင့်သားပြည့်ဝသော ရဲ၊ အဂတိကင်းရှင်းသော ရဲ၊ ပြည်သူချစ်သော ရဲအရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း စသည်ဖြင့်တိုက်တွန်းမှာကြားခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်မျိုးမင်းထိုက်နှင့် ရဲအရာရှိကြီးများ၊ နိုင်ငံ့



ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင် သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးလှိုင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်းတပ်ခွဲများကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများ၏ အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ကောင်းမြတ်သူ(၂)၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ကျော်စိုးဝင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ကောင်းမြတ်သူ(၂)၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် ရိုးသားဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ပြီး အခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တိုင်း၌ မှတ်ကျောက်အတင်ခံနိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် “နိုင်ငံတော်တွင်အရေးကြုံတိုင်း နောင်တော်တပ်မတော်နှင့် တစ်စိတ်တစ်ဝမ်းတည်းလက်တွဲ၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် တပ်ဖွဲ့ဖြစ်သည်”ဟူသည့် အစဉ်အလာကောင်းနှင့်အညီ စွာသိရှိနားလည်ကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ရည်မှန်းချက်တာဝန်လေးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် တပ်ဖွဲ့ဝင်များအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပြီး ပြည်သူလူထုအပေါ် ယဉ်ကျေးပျူငှာစွာပြောဆိုဆက်ဆံကာ နိုင်ငံသားတစ်ဦးချင်း၏ တရားဥပဒေနှင့်ညီသည့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ “မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အမြင့်ဆုံးဂုဏ်သိက္ခာသည် ပြည်သူလူထုက အားကိုးလက်တွဲကာ အရှိန်အဟုန်မြှင့်ပါဝင်တိုက်ဖျက်ကြရမည်ဖြစ်ကြောင်း။

တပ်ဖွဲ့ဝင်အားလုံးလေ့ကျင့်သားပြည့်ဝနေစေရေး“လေ့လာ၊ လေ့ကျင့်၊ လိုက်နာ”ဆိုသည့် လေ့ကျင့်ရေးမူဝါဒနှင့်အညီ တစ်ဦးချင်းအလိုက်၊ တပ်ဖွဲ့အလိုက် ကိုင်တွယ်အသုံးပြုရသည့် လက်နက်၊ ခဲယမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန်နှင့်အမြဲအသင့်ဖြစ်နေစေရေး စဉ်ဆက်မပြတ် လေ့ကျင့်ဆောင်ရွက်သွားကြရန်နှင့် သိသင့်သိထိုက်သည့် အသိပညာ၊ အတတ်ပညာများကိုလည်း လေ့လာသင်ယူပြီး ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၂၈) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရအမျိုးသား ၁၈၄ ဦး၊ အမျိုးသမီး ၅၆ ဦး၊ပြင်ပဘွဲ့ရအမျိုးသား ၅၃ ဦး၊ အမျိုးသမီးဦးရေ ၅၀၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၃၅၅ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ❍ ရထားခရီးစဉ်များပြန်လည်ပြေးဆွဲမှု

အဆိုပါ တံတားရေလယ်တိုင်များ နိမ့်ဆင်းမှုကြောင့် အမှတ်(၆၁)အဆန် ရန်ကုန်-ပြည်-ပုဂံနှင့် အမှတ်(၆၂)အစုန် ပုဂံ-ပြည်-ရန်ကုန် လူစီးအမြန်ရထားခရီးစဉ်များ ယာယီရပ်တန့်ခဲ့ရပြီး တံတားကို ပြန်လည်ပြုပြင်နေစဉ်ကာလအတွင်း ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-ပျဉ်းမနား-တောင်တွင်းကြီးမှတစ်ဆင့် ပုဂံသို့ယာယီလမ်းကြောင်းပြောင်းလဲပြေးဆွဲပေးလျက်ရှိသည်။

ရန်ကုန်-ပြည်-ပုဂံ ရထားလမ်းပိုင်းတွင် ရထားများပြန်လည်ပြေးဆွဲနိုင်ရန် ရန်ပယ်ချောင်းတံတားပြုပြင်ခြင်းနှင့်အတူ ရန်ကုန်-ပြည်ရထားလမ်းပိုင်းနှင့် ပြည်-အောင်လံ-ဆတ်သွား-တောင်တွင်းကြီး-ပုဂံရထားလမ်းပိုင်းတို့ကို ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်ဇလီဖားဖြည့်တင်းခြင်း၊ လမ်းခင်းကျောက်ထည့်သွင်းခြင်း၊ လမ်းမြှောက်ပက်ကင်ရိုက်ခြင်းများဆောင် ရွက်ခဲ့ပြီး ရေတိုက်စားခံရသည့် ရထားလမ်းနှင့်တံတားများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။

ယခုအခါ အရှည်ပေ ၄၀၀ ရှိ ကြိုတင်အားဖြည့်သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သော ရန်ပယ်ချောင်းတံတား၏ နိမ့်ကျုံ့မှုဖြစ်ပွားခဲ့သော ရေလယ်တိုင်အမှတ်(၂)နှင့် အမှတ်(၃)တို့ကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများပြီးစီးပြီး စမ်းသပ်မောင်းနှင်မှုများဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ရန်ကုန်-ပြည်-ပုဂံရထားလမ်းပိုင်း ခရီးစဉ်များကို အောက်တိုဘာ ၂၃ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိကာ လမ်းခရီးတွင် ရပ်တန့်ဘူတာနှင့်လက်မှတ်ခနှုန်းထား များမှာ ယခင်အတိုင်းဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

## ❑ အသိပေးနှိုးဆော်မှု

ဝင်ခွင့်လူတွေ့နှုတ်မေးစာမေးပွဲသို့ မိမိတို့ဖြေဆိုရမည့် သတ်မှတ်နေ့ရက်များအတိုင်း မပျက်မကွက်(မပျက်မကွက်) လာရောက်ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် နံနက်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် (၀၇:၃၀)နာရီအရောက် လာရောက်ရမည်ဖြစ်ပြီး နေ့လယ်ပိုင်းတွင် ဖြေဆိုရမည့်သူများအနေဖြင့် (၁၁:၃၀)နာရီ အရောက်လာရောက်ရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| ဖြေဆိုရမည့်ခုံအမှတ် | ဖြေဆိုရမည့်နေ့ရက် |
|---|---|
| **ဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ** | |
| - ခုံအမှတ်(၁)မှ (၅၈၀)ထိ | ၂-၁၁-၂၀၂၆ |
| - ခုံအမှတ်(၅၈၁)မှ (၁၁၆၀)ထိ | ၃-၁၁-၂၀၂၆ |
| - ခုံအမှတ်(၁၁၆၁)မှ (၁၄၇၂)ထိ | ၄-၁၁-၂၀၂၆ |
| **သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်ဖြေဆိုရမည့်သူများ** | |
| - ခုံအမှတ်(၁)မှ (၂၂၇)ထိ | ၄-၁၁-၂၀၂၆ |

ကျန်းမာရေးဝန်ကြီးဌာန
(၂၃-၁၀-၂၀၂၆)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၃**

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကမ်းထိန်း တမံ၊ နံရံများ ဆောင်ရွက်ပေးနိုင်ရေး၊ ကုန်သွယ်ခွန်များကောက်ခံနေမှုသိလိုခြင်း၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ရန်ပုံငွေပိုများ ချထားပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း၏ **ညောင်တုန်းမြို့၏ ကမ်းနားလမ်းတစ်လျှောက် ကမ်းထိန်း တမံ၊ နံရံများကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ညောင်တုန်းမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်ရန် ကမ်းနားလမ်း မြေသားမြို့ပတ်တာသာ ရှိပြီး ပန်းတာများကို မြို့အခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မြို့ပတ်တာရေတိုက်စားမှု၊ ကမ်းပြိုကျမှုမရှိစေရေးအတွက် ဦးစားပေးအလိုက်ဘိုးပိုင်အခြေပြု ကမ်းထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ ရရှိသည့်ရန်ပုံငွေများဖြင့် အလျားစုစုပေါင်း ၃၇၉၅ ပေကို အခိုင်အမာကာကွယ်ဆောင်ရွက်ထားရှိခဲ့ပါကြောင်း၊ ဆက်လက်၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း ညောင်တုန်းမြို့လမ်း ၄၀ အနီး ရေလမ်းအသုံးပြုခ အကောက်စခန်းအနီးတွင် ဘိုးပိုင်အခြေပြု ကမ်းထိန်းတမံအလျား ပေ ၂၅၀ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် စုစုပေါင်း ၄၀၄၅ ပေ ဆောင်ရွက်ပေးထားနိုင်မည်ဖြစ်ရာ ကျန်ရှိသည့် အလျားမှာ ၂၂၀၅ ပေ ဖြစ်ပါကြောင်း။

ညောင်တုန်းမြို့အဝင် ရေလမ်းကြောင်း ပြောင်းလဲလာသည့် လက်ရှိအခြေအနေများအရ ပန်းလှိုင်မြစ်ဝရေလယ်ခေါင်တွင် သဲသောင်ပြင်ကြီးမားလာမှုကြောင့် ရန်ကင်းစံရာအနောက်ဘက်ကျွန်းနှင့် တိုးချဲ့ (၄) ရပ်ကွက်နေရာရှိမြစ်ကမ်းပါးများ မြစ်ရေတိုက်စားကမ်းပြိုမှုများ ဖြစ်ပေါ်လျက်ရှိနေပါကြောင်း၊ အဆိုပါနေရာများတွင် မိုးရာသီအရေးပေါ်ကာကွယ်ရေးအနေဖြင့် Geotextile ကမ်းထိန်းတမံအလျား ပေ ၁၀၀၀ နှင့် သံမဏိကြိုးဆိုင်းရေကာခြောက်ချောင်းတို့ ဆောင်ရွက်ပေးထားသဖြင့် ရေတိုက်စားကမ်းပြိုမှုမှ အထိုက်အလျောက်ကာကွယ်ပေးထားနိုင်ခဲ့ပါကြောင်း၊ ညောင်တုန်းမြို့အဝင် ရေလမ်းကြောင်းကို တည်ငြိမ်သောရေလမ်းကြောင်းဖြစ်ပေါ်စေရေး သဲအိတ်ခံကျောက်စီရေကာများဖြင့် ထိန်းသိမ်းပြုပြင်ခြင်းကိုလည်း ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်နှင့်၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရေနည်းကာလတို့တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ညောင်တုန်းမြို့ရှေ့တွင် ကမ်းထိန်းတမံအလျား ပေ ၂၅၀ နှင့် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံရာ ပန်းလှိုင်မြစ်အစတွင် ညောင်တုန်းမြို့ဘက်ရေစီးကြောင်းကပ်၍ စီးခြင်းမှသက်သာစေရန် ရေလွှဲရေကာလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပြီးဖြစ်ပါကြောင်း၊ ညောင်တုန်းမြို့အဝင် ရေလမ်းကြောင်းကိုတည်ငြိမ်သောရေလမ်းကြောင်း ဖြစ်စေရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ကျန်ရှိသည့်အပိုင်းကို နှစ်အလိုက်ဘဏ္ဍာငွေလျာထား၍ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကသာမဲဆန္ဒနယ်မှ ဦးတင်ဌေး၏ **အခြားအခွန်များအပြင် ကုန်သွယ်လုပ်ငန်းခွန်များကို မည်ကဲ့သို့ ကောက်ခံလျက်ရှိကြောင်း သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်ဦးစီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသည့် ရသင့်ရထိုက်သောအခွန်များ ပြည့်ဝစွာကောက်ခံရာတွင် “ပြည်သူလူထုနှင့်စီးပွားရေးလုပ်ငန်းများအပေါ် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေချဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့် အခွန်များကို ပြည့်ဝစွာကောက်ခံရရှိရေး” မူဝါဒကို လိုက်နာကျင့်သုံး ဆောင်ရွက်လျက်ရှိသည့်အတွက် ကုန်သွယ်လုပ်ငန်းခွန်နှုန်းထားကို လက်ရှိအချိန်ထိ တိုးမြှင့်ခြင်းမပြုဘဲ အခွန်လွတ်ကင်းမှုရှိနိုင်သည့် နယ်ပယ်များကိုဖော်ထုတ်၍ အခွန်အခြေချဲ့ထွင်ခြင်း၊အခွန်အခြေချဲ့ထွင်ရာတွင်လည်း အခွန်ထမ်းအမျိုးအစားအလိုက် အခွန်အခြေချဲ့ထွင်ခြင်းနှင့် လုပ်ငန်း အမျိုးအစားအလိုက် အခွန်အခြေချဲ့ထွင်ခြင်းတို့ကိုဆောင်ရွက်၍ အခွန်ရငွေတိုးတက်စေရေးကိုသာ ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများ ပြည့်ဝစွာရရှိနိုင်ရေးအတွက် ရရှိသောအရင်းအမြစ်များကို အသုံးပြု၍ ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် အခြားသောအခွန်များရရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ အခွန်စည်းကြပ်ကောက်ခံမှုများကို ခေတ်နှင့်အညီ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း အလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ်မြို့နယ် ခြောက်ထပ်ကွေ့ တောင်လမ်းမကြီးမှ ဝမ်ကောင်းကျေးရွာသို့ဆက်သွယ်သော အားခေဝမ်ကောင်းမြေသားလမ်းကို အဆင့်တိုးမြှင့်ခင်းပေးခြင်းကို မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က အားခေဝမ်ကောင်းလမ်းသည် မိုင်းခတ်မြို့နယ် မိုင်းကာ(အရှေ့)အုပ်စု ခြောက်ထပ်ကွေ့လမ်းမကြီးမှ ဝမ်ကောင်းကျေးရွာသို့ ဆက်သွယ်ထားသောလမ်းဖြစ်ပြီး မြေပြင်စိစစ်ချက်အရ မိုင်းခတ်-မိုင်းယန်းလမ်းမကြီးခြောက်ထပ်ကွေ့မှ ဝမ်ကောင်းမိုင်-ဝမ်ကောင်း-ဝမ်ကန်-အားခေ ဝမ်ကောင်းကျေး ရွာများသို့ ဆက်သွယ်ထားပြီး ၄မိုင် ၄ဖာလုံရှိရာ ထိုလမ်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ မြေလမ်း ၄ မိုင် ၄ ဖာလုံ ဖောက်လုပ်ခြင်း၊ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်၌မြေလမ်း ၄ မိုင်၄ဖာလုံတာချဲ့ခြင်း၊ ပေ ၅၀၀ ကျောက်စီရေမြောင်းနှင့် ငါးပေ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်ရာ အတက်အဆင်းမတ်စောက်သည့် ၁ မိုင် ၄ ဖာလုံကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွိုင်ကော်မြို့နယ် သာယုရွာမှ နန်းနောက်ရွာထိ၊ နန်းနောက်ရွာမှ ခုတ်လောရွာထိ၊ နန်းနောက်ရွာမှ ရှမ်းပြည်နယ် နယ်စပ်ထိ မြေသားလမ်းများကို အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဘောလခဲမြို့နယ်တို့တွင်ရှိသည့် ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုမူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အရှိန်အဟုန်ဖြင့် နယ်မြေလုံခြုံရေးအပေါ်မူတည်ပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် လွိုင်ကော်မြို့နယ်ပိန်းချစ်ကျေးရွာအုပ်စု ဝမ်ကုန်း-သာယု-နန်းနောက် ကျေးရွာချင်းဆက်လမ်းပေါ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၀ ပေ တံတားတစ်စင်းနှင့် ၁၂ ပေ တံတား တစ်စင်းတို့ကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၃၅ ပေ တံတားတစ်စင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကယားပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးပြည်နယ်ရန်ပုံငွေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်ထိ ပိန်းချစ်ကျေးရွာအုပ်စု ဝမ်ကုန်း-သာယု ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကျောက်လမ်း ၇ မိုင် ၄ ဖာလုံနှင့် Box Culvert ရှစ်စင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ပိန်းချစ်ကျေးရွာအုပ်စု သာယုရွာမှ နန်းနောက်ရွာထိ၊ နန်းနောက်ရွာမှ ခုတ်လောရွာထိ၊ နန်းနောက်ရွာမှ ရှမ်းပြည်နယ်နယ်စပ်ထိ မြေသားလမ်းများကို လတ်တလောလုံခြုံရေး ကန့်သတ်မှုအရ ကွင်းဆင်းစစ်ဆေးနိုင်ခြင်းမရှိသဖြင့် လုပ်ငန်းဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် နယ်မြေလုံခြုံရေးကောင်းမွန်လာချိန်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု သို့မဟုတ် ပြည်နယ်ရန်ပုံငွေတွင် အဆိုပြုလျာထားပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **တောင်တွင်း-မြို့သစ်ကားလမ်းမနှင့် ဆက်သွယ်ထားသည့် ကံကြီးကျေးရွာ ဘုရား(ဆူ)အနီးကားလမ်းမှ ထနောင်းကွင်းကျေးရွာထိလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တောင်တွင်း-မြို့သစ်ကားလမ်းမနှင့် ဆက်သွယ်ထားသည့် ကံကြီးကျေးရွာ ဘုရား(ဆူ) အနီးကားလမ်းမှ ထနောင်းကွင်းကျေးရွာထိ လမ်းသည် တောင်တွင်းကြီး-မြို့သစ်လမ်းမကြီးမှ ထနောင်းကွင်းကျေးရွာထိ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းအရှည် ၉ မိုင် ၃ ဖာလုံရှိသည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကျောက်လမ်းခုနစ်မိုင်နှင့် အမာခံလမ်း ၂ မိုင် ၃ ဖာလုံစုစုပေါင်း ၉ မိုင် ၃ ဖာလုံဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် အမာခံလမ်းပိုင်းအရှည်တစ်မိုင်ကို ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိသောအမာခံလမ်းအားလုံး ကျောက်လမ်းခင်းခြင်း ဆောင်ရွက်ပြီးပါက ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ဆည် မဲဆန္ဒနယ်မှ ဦးအောင်မြင့်သန်း၏ **ကျောက်ဆည်-တံစိုး-ကျောက်ဆောက် ကုန်းလမ်းပိုင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးမျိုးမြင့်က ကျောက်ဆည်-တံစိုး-ကျောက်ဆောက်ကုန်းလမ်းပိုင်းသည် မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ကျောက်ဆည်မြို့ကို ဆက်သွယ်ထားသော လမ်းအရှည် ၉ မိုင် ၄ ဖာလုံရှိသည့် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကတ္တရာလမ်း ၉ မိုင် ၄ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လမ်းအရှည်လေးဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ စမုံတံတားအရှည်ပေ ၂၅၀ အပေါ် ကတ္တရာခင်းခြင်း၊ တံတားချဉ်းကပ်လမ်း အဝင်၊ အထွက် အရှည်ပေ ၃၀၀ ကတ္တရာခင်းခြင်း၊ ၅ ပေ x ၂၄ ပေ ကျောက်ကြီးစီ Box Culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေတွင်လမ်းအရှည်လေးဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်းနှင့် ဆက်လက်၍ ကျန်လမ်းပိုင်းများကို ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို နှစ်အလိုက် ဆက်လက်လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတော မဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ် ဆောက်လုပ်ရေးလမ်း၊ တံတားများအတွက် ရန်ပုံငွေများကို ပိုမိုခွဲဝေချထားပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ငပုတောမြို့နယ်အတွင်း၌ ငပုတောမြို့၊ ဟိုင်းကြီးကျွန်းမြို့၊ ငရုတ်ကောင်းမြို့တို့ပါဝင်ပြီး လမ်းမိုင်စုစုပေါင်း ၂၅၆ မိုင် ၃ ဖာလုံတွင် ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသောလမ်းနှစ်လမ်း၊ လမ်းမိုင် ၄၁ မိုင် ၅ ဖာလုံဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်း ၁၄ လမ်းသည် လမ်းမိုင် ၂၁၄ မိုင် ၆ ဖာလုံဖြစ်ကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ငပုတောမြို့နယ်အတွက် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၃၀၆ သန်းနှင့် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၂၅၄၆ သန်း စုစုပေါင်း ကျပ် ၄၈၅၂ သန်းကို ခွဲဝေပေးထားပြီး လမ်း၊ တံတားတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဒေသဖွံ့ဖြိုးရေး ဦးစားပေးအစီ အစဉ်အရ မြို့နယ်များ၏ လိုအပ်ချက်များအပေါ်မူတည်ပြီး ဘဏ္ဍာငွေ ခွဲဝေဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်းက **“နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်တွင်းပြည်ပခရီးသွားများ ပိုမိုဝင်ရောက်လည်ပတ်နိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို”**ကို တင်သွင်းရာ ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်က ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်ကသဘောတူသဖြင့် အဆိုကို လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ရက် ၂၀ မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများကို တွေ့ဆုံ



**မင့်စ် အောက်တိုဘာ ၂၃**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုများနှင့် သင်တန်းသားများကို ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက က နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ရန် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ သံခင်းတမန်ခင်း နည်းပရိယာယ်ကြွယ်ဝမှုများက မိမိတို့နိုင်ငံအကျိုးစီးပွားကို ပိုမိုဖော်ဆောင်ရန် များစွာအထောက်အကူပြုပါကြောင်း၊ ထို့ကြောင့် သံရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်း စိုက်ထုတ်၍ မိမိတို့နိုင်ငံတော်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ သံရုံးမိသားစုများအနေဖြင့် စည်းလုံးစွာနေထိုင်ပြီး လိုအပ်သည်များ ရှိလာပါက တစ်ဦးပေါ်တစ်ဦး ကူညီကြရန် လိုအပ်ကြောင်း။

ဘယ်လာရုစ်နိုင်ငံ၏ ပညာသင်ကြားရေးသည် ကမ္ဘာ့အဆင့်မီပညာရေးစနစ် တစ်ခုဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအပါအဝင် နိုင်ငံတကာမှ ကျောင်းသားများ လာရောက်ပညာဆည်းပူးလျက်ရှိကြကြောင်း၊ ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားနေသည့် သင်တန်းသားများအနေဖြင့် မိမိတို့သင်ကြားနေသည့် ဘာသာရပ်များကို မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်လည်အသုံးချနိုင်အောင် စနစ်တကျ သေချာလေ့လာသင်ယူကြစေလိုကြောင်း။

သင်တန်းသားများသည် မိမိတို့၏ မိသားစုများနှင့် ခွဲခွာနေထိုင်နေပြီး လာရောက်ပညာသင်ကြားနေခြင်းဖြစ်သည့်အတွက် အချင်းချင်းကူညီရိုင်းပင်းပြီး မိသားစုကဲ့သို့ စည်းလုံးညီညွတ်စွာ နေထိုင်ကြစေလိုကြောင်း၊ ပညာသင်ကြားနေထိုင်စဉ်ကာလအတွင်း ဘယ်လာရုစ်နိုင်ငံ၏ ဥပဒေ၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားကြရန် အထူးမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သံရုံးမိသားစုများနှင့် ပညာတော်သင်သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဘယ်လာရုစ်လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ နေ့လယ်စာသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၆၆ ကေဗွီ ဘားအံ-စက်မှုဇုန် ဓာတ်အားလိုင်းနှင့် စက်မှုဇုန်-လှိုင်းဘွဲ့ ဓာတ်အားလိုင်း၊ ကေဗွီ ၂၃၀ ရွှေမြို့ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် အောက်တိုဘာ ၂၃**

၂၃၀/၆၆/၁၁ ကေဗွီ ဘားအံပင်မ ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၆၆ ကေဗွီ ဘားအံ-စက်မှုဇုန် ဓာတ်အားလိုင်းနှင့် စက်မှုဇုန်-လှိုင်းဘွဲ့ ဓာတ်အားလိုင်းတို့ကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းဆောင်ရွက်နေစဉ် ၆၆ ကေဗွီ ဘားအံစက်မှုဇုန်ဖီဒါမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် တောင်ကလေးပတ်ဝန်းကျင်ရှိ အရေးကြီးနေရာများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ကျေးရွာများနှင့် ၆၆/၃၃/၁၁ ကေဗွီ လှိုင်းဘွဲ့(ချမ်းသာ) ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသည့် လှိုင်းဘွဲ့၊ ပိုင်ကျုံ၊ မြိုင်ကြီးငူ၊ ကမမောင်းမြို့တို့နှင့် ကမ်းနီအနီးရှိကျေးရွာတို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်သည်။

အလားတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကေဗွီ ၂၃၀ ရွှေမြို့ပင်မဓာတ်အားခွဲရုံရှိ ချို့ယွင်းမှုဖြစ်ပေါ်နေသော ဓာတ်အားလွှတ်ပစ္စည်းများကို ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဇေယျာသီရိ၊ တပ်ကုန်း၊ ဥတ္တရသီရိမြို့နယ်တို့ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ရပ်ကွက်နှင့် ကျေးရွာများ၏ နေရာအချို့နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်၊ ရန်အောင်ကျေးရွာတို့ရှိ စက်ရုံ၊ အလုပ်ရုံများ၊ ရပ်ကွက်နှင့် ကျေးရွာများ၏ နေရာအချို့တွင် အချိန်ငါးနာရီကြာခန့် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်မန်နေဂျာ၊ လျှပ်စစ်အင်ဂျင်နီယာရုံးများမှ တစ်ဆင့်ကြိုတင် အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၆၇/၂၀၂၆)

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်

(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**ကို မှတ်ပုံတင်အမှတ်(၂)၊ ၂၄-၄-၂၀၂၃ ရက်စွဲပါ ကြေညာချက်အမှတ်(၇/၂၀၂၃) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD)**က ၁၆-၁၀-၂၀၂၆ ရက်စွဲပါ စာအမှတ် ၂၊ မပတ(ပဖ)၊ ဌနခ၊ မပဒဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် ပါတီဗဟိုအလုပ်အမှုဆောင် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ တင်ပြခြင်းနှင့် စပ်လျဉ်း၍ ၂၂-၁၀-၂၀၂၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၂၈/၂၀၂၆)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၀(က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)**ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းလိုက်သည်။

(ပုံ) သန်းစိုး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# လူမှုရေးပင်စင်အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် လူမှုရေးပင်စင်အစီအစဉ်၌ အကျိုးခံစားခွင့်ရှိသူများကို ခြောက်လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း)ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၇၇၅၄၄၂၇၄၂)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၄၃၁၇၂၅၀၆)၊ တနင်္သာရီ(၀၉-၂၅၂၀၆၉၀၀၂)၊ နေပြည်တော်(၀၉-၂၅၁၀၇၉၄၉၆)၊ ပဲခူး(၀၉-၅၀၃၇၃၄၄)၊ မကွေး(၀၉-၂၅၁၃၁၅၁၃၅)၊ မန္တလေး(၀၉-၇၉၇၄၂၁၄၂၂)၊ မွန်(၀၉-၂၆၀၇၄၃၉၁၃)၊ ရခိုင်(၀၉-၄၂၁၇၆၈၄၅၄)၊ ရန်ကုန်(၀၉-၄၀၂၈၁၀၅၀၆)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၃၃ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# MCCT အစီအစဉ်နှင့်စပ်လျဉ်းပြီး အသိပေးနှိုးဆော်ခြင်း

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် MCCT အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အကျိုးခံစားခွင့်ရှိသူများကို ခြောက်လစာထောက်ပံ့ပေးမည်ဖြစ်ပြီး အကျိုးခံစားခွင့်ရှိသူများကို အကျိုးခံစားခွင့်လအလိုက် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများကတစ်ဆင့် ၁၅-၁၀-၂၀၂၆ ရက်မှ ၆-၁-၂၀၂၇ ရက်ထိ အကျိုးခံစားခွင့်ရှိသူကိုယ်တိုင် သို့မဟုတ် ကိုယ်စားလှယ်များက နိုင်ငံသားအသိအမှတ်ပြုကတ်(မူရင်း) ယူဆောင်ပြီး သွားရောက်ထုတ်ယူနိုင်ပါကြောင်းနှင့် Mobile Pay နည်းလမ်းဖြင့် ထောက်ပံ့ကြေးများကို ၂၈-၁၀-၂၀၂၆ ရက်မှစ၍ အကျိုးခံစားခွင့်ရှိသူများက ပေးထားသည့် ဖုန်းနံပါတ်များသို့ ထောက်ပံ့ငွေများ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။ သိရှိလိုသည်များရှိပါက ကယား(၀၉-၆၆၅၈၈၁၂၃၂)၊ ကရင်(၀၉-၄၂၅၀၀၃၇၄၈)၊ ချင်း(၀၉-၄၅၆၁၀၁၉၈၃)၊ စစ်ကိုင်း(၀၉-၂၅၈၇၃၆၅၉၀)၊ ရခိုင်(၀၉-၂၅၀၅၉၉၉၈၀)၊ ရှမ်း(၀၉-၃၆၀၈၃၆၄၈)၊ ဧရာဝတီ(၀၉-၇၈၂၅၇၈၄၆၆)၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Help Line ဖုန်းနံပါတ် 1566 နှင့် ၀၉-၈၈၉၉၀၀၀၇၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

# မိတ္ထီလာခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအကောင်အထည်ဖော်နေမှုကို နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော်ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှု လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ ကန်တော်မင်္ဂလာခန်းမ၌ ပြုလုပ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များ၊ ခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် ဦးစီးကော်မတီအဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ဒေသတွင်း ဈေးကွက်တည်ငြိမ်ရေး၊ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ မွေးမြူရေးဇုန်များသတ်မှတ်၍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရေးနှင့် ကဏ္ဍအလိုက် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာခရိုင်သို့ လာရောက်ရခြင်းမှာ နေပြည်တော်ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်နှင့် တောင်ငူခရိုင်တို့ကို အထူးဖွံ့ဖြိုးရေးဒေသအဖြစ် အကောင်အထည်ဖော်နေမှုကို ကြည့်ရှုစစ်ဆေးရန် လာရောက်ခြင်းနှင့် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ မိတ္ထီလာခရိုင်သည် လမ်းဆုံဗဟိုချက်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများစွာရှိနေပါကြောင်း၊ မြို့ပြအင်္ဂါရပ်နှင့်အညီ (Green City) စိမ်းလန်းစိုပြည်သောမြို့တော်ဖြစ်စေရေးအတွက် မြို့ပြဧရိယာအတွင်း အများပြည်သူများ အနားယူရန် ပန်းခြံများ၊ လမ်းဘေးဝဲယာ အစိမ်းရောင်ဇုန်များနှင့် သစ်တောစိမ်းလန်းစိုပြည်ရေးကို တိုးမြှင့်လုပ်ဆောင်ရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရာသီဥတုပြောင်းလဲမှုကိုတုံ့ပြန်ရန်၊ ကာဗွန်ထုတ်လုပ်မှုလျှော့ချရေး စွမ်းအင်စနစ်စိစစ်ရန်၊ ရေအရင်းအမြစ်များ မပျက်စီးစေရန်နှင့် စွန့်ပစ်ရေများကို စနစ်တကျပြန်လည်သန့်စင်အသုံးပြုနိုင်ရေးတို့ကို ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရာသချ်ာကျေးရွာအုပ်စုရှိ ဦးမြင့်နိုင်၏ အသားတိုးကြက်အကောင် ၆၉၀၀၀ မွေးမြူထားသောခြံသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အသားတိုးကြက်များကို အလုံပိတ်အအေးခန်းစနစ်များဖြင့် စနစ်တကျမွေးမြူထားရှိမှုနှင့် ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးခြံအတွင်း သန့်ရှင်းရေး စနစ်တကျဆောင်ရွက်ထားရှိရန်၊ အပူချိန်ထိန်းချုပ်မှုစနစ်များ၊ ဆိုလာစနစ်များ၊ အအေးပေးစနစ်များ စဉ်ဆက်မပြတ်ကောင်းမွန်စေရေး စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ရွှေတောင်ကျေးရွာရှိ မြေပဲပန်းတိုင်အထွက်နှုန်းရရှိရေး ဧက ၂၀ စံပြစိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းပြည့်မီစွာစိုက်ပျိုးကြရန်နှင့် မျိုးကောင်းမျိုးသန့်ရရှိရေး မျိုးစေ့အလိုက် သုတေသနပြုလုပ်စိုက်ပျိုး၍ တောင်သူများကို နည်းပညာနှင့်မျိုးစေ့များ ဆက်လက်ဖြန့်ဝေပေးရန် မှာကြားကာ ဒေသခံတောင်သူများကို တွေ့ဆုံ၍ လိုအပ်သည်များ မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဘုရားဖြူကျေးရွာရှိ ဆိုလာရေတင်စနစ်လုပ်ငန်းသို့ သွားရောက်၍ အကျိုးပြုဧက ၄၅၀ အတွက် ဆိုလာရေတင်စီမံကိန်းဆောင်ရွက်နေမှု၊ ရေတင်စီမံကိန်းဆောင်ရွက်ပြီးစီးပါက တိုးတက်စိုက်ပျိုးလာနိုင်မည့် သီးနှံအခြေအနေများ၊ မိတ္ထီလာဒေသ၊ ဝမ်းတွင်းမြို့နယ်အတွင်း ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်လျာထားသည့် ရေတင်စီမံကိန်းအခြေအနေများ တင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဝမ်းတွင်း(၁)ရပ်ကွက်ရှိ ဖိုးပြုံးချိုအထည်ချုပ်လုပ်ငန်းသို့ သွားရောက်၍ စက်ယန္တရားများဖြင့် ချည်ထည်ရက်လုပ်ဆောင်ရွက်နေမှုအခြေအနေများ၊ ချည်ထည်များ ဖြန့်ဖြူးရောင်းချရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မိတ္ထီလာစက်မှုဇုန်ရှိ ရွှေပြည်စိုးဆီစက်သို့ သွားရောက်၍ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းတို့ကို စားသုံးဆီအဖြစ် စက်ယန္တရားများဖြင့်ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချနေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တောမကျေးရွာရှိ ဦးခင်မောင်ဝင်း၏ နို့စားနွားမွေးမြူရေးခြံ၊ ရွှေပန်းတိုင်ဧက ၂၀၀ မွေးမြူရေးဇုန်၊ ဆူးဖြူကွက်ကျေးရွာရှိ ဦးမျိုးသန့်နိုင်၏ ဆိတ်မွေးမြူရေးခြံနှင့် ဒေါ်ဝင်းသီတာထွန်း၏ ဆိတ်မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဧက ၂၀၀ မွေးမြူရေးဇုန်ကို သတ်မှတ်လျာထားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မွေးမြူရေးဇုန်အတွင်း ကုန်ထုတ်လမ်းများ စနစ်တကျဖောက်လုပ်ရေး၊ ဒေသတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးပူးပေါင်းဆောင်ရွက်သွားရမည့်အခြေအနေများနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေမြို့၌ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော ဒေသခံပြည်သူများကို စစ်တွေမြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦး တွေ့ဆုံအားပေး

**စစ်တွေ အောက်တိုဘာ ၂၃**

စစ်တွေမြို့ပေါ်သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် ယနေ့နံနက်ပိုင်းက ထိခိုက်ဒဏ်ရာရရှိသော ဒေသခံပြည်သူများကို စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားသည်။

စစ်တွေမြို့ပေါ်သို့ AA အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် လူနေရပ်ကွက်များပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ ဒေသခံပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့ရာ ဆေးရုံတက်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသော ဒဏ်ရာရလူနာများကို ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ဝစွာဆောင်ရွက်ပေးနိုင်ရေး၊ ပြည်သူ့ဆေးရုံကြီးမှ တာဝန်ရှိသူများကို မှာကြားကာ ဆေးကုသမှုခံယူနေသော ထိခိုက်ဒဏ်ရာရ လူနာများကို တွေ့ဆုံအားပေးစကား ပြောကြားခဲ့ပြီး သေဆုံးသွားသူများ၏ မိသားစုဝင်များနှင့် ဆေးကုသမှုခံယူနေသော ဒဏ်ရာရသူများကို ထောက်ပံ့ငွေများ၊ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ တင်ထွန်း(ပြန်/ဆက်)



## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲများတွင် ပြိုင်ပွဲဝင်များ၏ တတိယနေ့ ယှဉ်ပြိုင်နေမှု မြင်ကွင်းပုံရိပ်များ



































# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)၊ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိတပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲဝင်းအောင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ငွေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)










ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပစဉ်။

**❖ သင်တန်းဆင်းပွဲမှ**

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ် အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများ အပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များကို တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြ ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့် သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့်



အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည် -

“အစတုန်းကတော့ အရပ်သားဘဝကနေ စတင်ကူးပြောင်းလာတာ ဖြစ်တဲ့အတွက် ဘာမှ သိပ်မသိဘူးဆိုပေမယ့် ဒီက ဗိုလ်လေးတွေ၊ နည်းပြတွေ၊ ဆရာကြီးတွေက စစ်အခြေခံပညာတွေ တတ်ကျွမ်းအောင် သူတို့က သေချာသင်ပေးတယ်။ နောက်ပြီးတော့ ကိုယ်တွေက အခုမှ ပထမဦးဆုံးဆိုတော့ တွေ့ကြုံရတဲ့အခက်အခဲတွေကတော့ အများကြီးရှိပါတယ်။ သင်တန်းဆင်းပြီး ဘာတွေပြောင်းလဲသွားလဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် မြန်မာနိုင်ငံသားတစ်ယောက်အဖြစ် လုံးလုံးကြီးဖြစ်သွားတယ်လို့ ခံစားရပါတယ်။ ကျွန်တော်တို့က တပ်ရင်းတပ်ခွဲတွေမှာ အထက်ကပေးအပ်တဲ့ တာဝန်တွေကို သေချာကျေပွန်အောင် ထမ်းဆောင်ပြီးတော့မှ တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကို သယ်ပိုးနိုင်တဲ့ ပြည်သူ့စစ်မှုထမ်းတစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်လို့ ဆုံးဖြတ်ထားပါတယ်”ဟု ပြောသည်။

“ကျွန်တော်ကတော့ ဒီသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်က ချမှတ်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို လိုက်နာမယ်။ ပြီးရင် တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်တက်ရောက်တာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်တာဝန်ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အတူ ကျွန်တော်တို့ သင်တန်းမှာ ကြိုးစားအားထုတ်မှုနဲ့ ဒီစစ်ရေးပြ ထူးချွန်ဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော် ဒီစစ်ရေးပြ ထူးချွန်ဆုကို ရရှိအောင် နည်းပြတွေရဲ့ သင်ကြားပို့ချမှုနဲ့ ကျွန်တော်လဲ အခေါက်ခေါက်အခါခါ ကြိုးစားခဲ့တယ်။ အဲ့ဒီအတွက်လဲ ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆုရရှိတဲ့အတွက် ကျွန်တော် အတိုင်းမသိဝမ်းသာပါတယ်။ ကျွန်တော့်ကိုအဘက်ဘက်ကနေ ပံ့ပိုးကူညီပေးတဲ့ ကျွန်တော့်ရဲ့ ရဲဘော်ရဲဘက်တွေ သင်တန်းသားတွေကိုလဲ ကျွန်တော် ကျေးဇူးအများကြီးတင်ပါတယ်။ ကျွန်တော် ဒီသင်တန်းပြီးသွားရင် နိုင်ငံတော်က ပေးအပ်တဲ့တာဝန်ကို ကျတဲ့နေရာမှာ နှစ်နှစ် တာဝန်ကျေပွန်အောင် ထမ်းဆောင်မှာပါ။ အပြင်လောကမှာတော့ အမျိုးမျိုး ပြောနေကြတယ် ဒါပေမဲ့ ပြောနေတဲ့စကားတွေကို နားမယောင်ဘဲနဲ့ တာဝန်ကို ကျေပွန်အောင် နှစ်နှစ်ကို လာရောက်ထမ်းဆောင်ပါလို့ ဖိတ်ခေါ်ပါတယ်”ဟု ပြောသည်။



ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား၊ကျောင်းသူများနှင့် တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၃**

လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မောင်သင်းသည် ဒုတိယဝန်ကြီး ဦးစစ်နိုင်နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တည်းခိုရေးစခန်း (ရွာတော်) ၌ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၈)မှ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူများနှင့် လာရောက်တွေ့ဆုံရခြင်းသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်က ကျောင်းသား၊ ကျောင်းသူများသည် အနာဂတ်နိုင်ငံတော်အတွက် မိမိတို့တတ်မြောက်ထားသည့် အတတ်ပညာများကို မျိုးဆက်သစ် လူငယ်များထံ လက်ဆင့်ကမ်းပြီး ပြန်လည်သင်ကြားပေးရမည့် မြင့်မြတ်သည့် လူငယ်ကျောင်းသား၊ ကျောင်းသူများဖြစ်သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းဆွေးနွေးမှုကို ပြန်လည်ဖြေကြားပေးကာ သုတ၊ ရသစာအုပ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

◆ **ဥပဒေဘောင်အတွင်းဝင်ရောက်မှ**

ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၅၂ ဦးတို့သည် လက်နက်မျိုးစုံ ၂၃ လက်၊ ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များဖြစ်ကြသည့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မှ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦး၊ လိပ်သိုမြို့မှ အမျိုးသမီး တစ်ဦး၊ ဆင်လန်မြို့မှ အမျိုးသားနှစ်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး နှစ်ဦး၊ ကညွတ်ကွင်းမြို့မှ အမျိုးသား နှစ်ဦး၊ နတ္တလင်းမြို့မှ အမျိုးသား လေးဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား လေးဦး၊ ပြည်မြို့မှ အမျိုးသား တစ်ဦး၊ မင်းလှမြို့မှ အမျိုးသား တစ်ဦး၊ တောင်ငူမြို့မှ အမျိုးသား လေးဦးနှင့် KNLA အဖွဲ့မှ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ၅၂ ဦးတို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့်၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို အသိပညာပေးစကား ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 သေနတ် တစ်လက်၊ MA-1 သေနတ်တစ်လက်၊ MA-3 သေနတ် တစ်လက်၊ MA-4 သေနတ် တစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊လက်လုပ်ပြောင်းချောသေနတ် တစ်လက်၊ MA-11 သေနတ် တစ်လက်၊ AR-9 သေနတ် တစ်လက်၊ AK-9 သေနတ် တစ်လက်၊ M4 ကာဘိုင်သေနတ် တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ ရိုင်ဖယ်သေနတ် တစ်လက်၊ ကာဘိုင် သေနတ် နှစ်လက်၊ ပစ္စတိုသေနတ် လေးလက်၊ ခြောက်လုံးပြူးသေနတ် တစ်လက်၊ M 79 ဗုံးပစ်လောင်ချာ တစ်လက်၊ လက်လုပ်သေနတ် တစ်လက်၊ စုစုပေါင်း ၂၃ လက်၊ လက်ပစ်ဗုံး ရှစ်လုံး၊ ကျည်အိမ် ကိုးခု၊ ကျည်မျိုးစုံ ၂၀၇ တောင့်၊ ပလတ်စတစ်နင်းမိုင်း တစ်လုံး၊ ၄၀ မမဗုံးသီး နှစ်လုံး၊ ကျည်ကာဦးထုပ် တစ်လုံးနှင့် စကားပြောစက် ရှစ်လုံး တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် ၁၀ လက်အတွက် ဆုကြေးငွေ သိန်း ၅၀၀၊ လောင်ချာ နှစ်လက်အတွက် ဆုကြေးငွေ ၁၅၀၊ ပစ္စတို လေးလက်နှင့် ခြောက်လုံးပြူး တစ်လက်အတွက် ဆုကြေးငွေ သိန်း ၁၀၀၊ လက်လုပ်သေနတ် ခြောက်လက်အတွက် ဆုကြေးငွေ သိန်း ၃၀၊ လက်ပစ်ဗုံး ရှစ်လုံး၊ ၄၀ မမ ဗုံးသီးနှစ်လုံးနှင့် နင်းမိုင်း တစ်လုံး အတွက် ဆုကြေးငွေ ၃၃ သိန်း၊ စကားပြောစက် ရှစ်လုံးနှင့် ကျည်ကာဦးထုပ် တစ်လုံးတို့အတွက် ဆုကြေးငွေ ၁၈ သိန်း၊ စုစုပေါင်း ဆုကြေးငွေကျပ် ၈၃၁ သိန်းနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူ ၅၂ ဦးအတွက် ဆုကြေးငွေ ၅၂ သိန်းကျပ်၊ စုစုပေါင်းဆုကြေးငွေကျပ် ၈၈၃ သိန်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ခံဝန်ကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကိုခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ



စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်က KNLA တပ်မဟာ(၆) စစ်ကြောင်း COBRA-1 ကပါ။ စတင်ဝင်တုန်းကတော့ ကင်းတွေစောင့်ရတယ်။ လူကြီးနောက်ကိုလိုက်ရတယ်။ သူတို့က အပြောနဲ့အလုပ်နဲ့ မညီဘူး။ မတူဘူးဗျ။ မကိုက်ညီလို့ အဲဒါကြောင့် အလင်းပြန်ဝင်လိုက်တာဖြစ်ပါတယ်။ ကျန်ရှိတဲ့သူတွေကိုလဲ အလင်းဝင်ဖို့ ကျွန်တော့်အနေနဲ့



ဖိတ်ခေါ်ပါတယ်။ အားလုံးလဲ အဆင်ပြေပါတယ်"ဟု ပြောသည်။

"ကျွန်တော်က KNLA တပ်မဟာ(၆) ကပါ။ ကျွန်တော်တို့က ကင်းစောင့်၊ ထမင်းချက်၊ ထင်းခွေတာတွေလုပ်ရပါတယ်။ တစ်ခါတလေကျတော့ လက်နက်ကိုင်ပြီးတိုက်ပွဲဝင်ရပါတယ်။ အခုလို အလင်းဝင်ဖို့ဆုံးဖြတ်ခဲ့တာကလဲ တိုက်ပွဲ အတွေ့အကြုံတွေ များလာတဲ့အလျောက် ဒုက္ခတွေကလဲရောက်တယ်။ နောက်ပြီးတော့ စားဝတ်နေရေးလဲ ဒုက္ခရောက်တယ်။ နောက်ပိုင်း ဘယ်လိုဖြစ်လာလဲဆိုတော့ တပ်ဖွဲ့ဝင်တွေကလဲ စုစည်းမှုမရှိတော့ဘူး။ စုစည်းမှုမရှိတဲ့အခါကျတော့ အကုန်လုံးလက်ရှိအဖွဲ့လေးနဲ့ တိုင်ပင်ပြီးတော့ အလင်းဝင်ကြမယ်။ တို့တွေရဲ့ အနာဂတ်တွေလဲပျောက်တယ်။ မိသားစုတွေလဲ စိတ်မအေးရဘူး။ တို့တွေလဲ အသက်ငယ်သေးတယ်ဆိုပြီးတော့ အဲဒီ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့အဖွဲ့တွေ အားလုံးညီညီညွတ်ညွတ်နဲ့ အလင်းဝင်ခဲ့တယ်။ တပ်မတော်ဘက်ကလဲ နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ အကြမ်းဖက်အဖွဲ့ အစည်းအားလုံးကို ကျွန်တော်တို့လို အလင်းဝင်စေချင်တယ်။ ဒုက္ခတွေ မရောက်စေချင်ပါဘူး။ ကိုယ်ခံစားရတဲ့ ဘဝတွေက ကိုယ်သာအသိဆုံးဖြစ်တာကြောင့် အလင်းဝင်စေချင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော့်ရဲ့အသက်က အခုဆို ၅၀ ရှိပါပြီ။ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ရတာကတော့ မြဝတီမြို့ KNU တပ်မဟာ(၆) ဗျူဟာ(၂၇)နေရာမှာ ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ သူတို့နေရာမှာ တာဝန် ခြောက်လထမ်းဆောင်ပြီး အခုလို အလင်းဝင်ဖို့နည်းလမ်းမျိုးစုံနဲ့ ဆက်သွယ်ပြီး ရောက်ရှိခဲ့တာဖြစ်ပါတယ်။



အပြင်မှာပြောတဲ့အသံနဲ့ အတွင်းမှာပြောတဲ့အသံနဲ့ ကွဲပြား၊ မကွဲပြား သိအောင်လို့ ကျွန်တော်တို့ လက်နက်ကိုင်ဆောင်ခြင်းကို လုံးဝနှစ်သက်လိုခြင်းမရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အခုလို အလင်းဝင်ရောက်လာခြင်းဖြစ်ပါတယ်။ တပ်ဖွဲ့အသီးသီးမှာ ရောက်ရှိနေတဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ ကျွန်တော်တို့ လက်ရှိအလင်းဝင်ရောက်တဲ့နေရာကတော့ အေးချမ်းစွာနေထိုင်ရတယ်။ မိသားစုနဲ့ဖြစ်တဲ့အတွက်ကြောင့် တောထဲမှာရှိကြတဲ့ ညီအစ်ကိုမောင်နှမများ အားလုံး၊ လက်နက်ကိုင်အဖွဲ့အစည်း အားလုံး တပ်မတော်နဲ့ပူးပေါင်းဆောင်ရွက်ကြပါလို့ ပြောချင်ပါတယ်။ ကျွန်တော်တို့ကို အခုလိုနွေးထွေးစွာလက်တွဲခေါ်ယူတဲ့အတွက်ကြောင့် နိုင်ငံတော်အကြီးအကဲများကိုလဲ အထူးကျေးဇူးတင်ရှိပါကြောင်း ကျွန်တော်ဒီနေရာကနေ ပြောလိုပါတယ်"ဟု ပြောသည်။

(၅၀၁)

---

❋ **လေဖိအားနည်းရပ်ဝန်းမှ**

ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် တောင်ပိုင်း ကမ်းခြေတို့သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

# ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း သီတင်းကျွတ်ကာလ မီးထွန်းပွဲတော်၊ မြန်မာ့ဇာတ်သဘင်ဖျော်ဖြေပွဲများနှင့် နိုင်ငံကျော်တေးသံရှင်များဖြင့် စတိတ်ရှိုးပွဲများ ကျင်းပမည်



**ပြင်ဦးလွင် အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး(ပြည်ချစ်ဘုရား)၊ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ပိတ်ချင်းမြှောင်လိုဏ်ဂူတော်၊ ပွဲကောက်ရေတံခွန်(BE . FALLS)၊ တရုတ်ဘုံကျောင်း၊ နီးဘုရား၊ ဓာတ်တော်ချိုင့်ရေတံခွန်တို့သို့ ခရီးသွားပြည်သူများ နှစ်စဉ်နှစ်တိုင်း လာရောက်ဘုရားဖူး လည်ပတ်အပန်းဖြေလျက်ရှိကြသည်။

ယခုအခါတွင် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ယခင်နှစ်များနှင့်မတူ သီတင်းကျွတ်ကာလတွင် သီတင်းကျွတ်ပွဲတော်ကို အောက်တိုဘာ ၂၃ ရက်မှ ၂၇ ရက်ထိ ငါးရက်တိုင်တိုင် ဥယျာဉ်အတွင်း ညမီးရောင်စုံများဖြင့် အလှဆင်ထားပြီး မွန်းလွဲ ၂ နာရီမှစတင်၍ ည ၉ နာရီထိ နိုင်ငံကျော်တေးသံရှင်များက သီဆိုဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။ ထို့ပြင် တိုင်းရင်းသား အထိမ်းအမှတ်ဥယျာဉ်၌ အောက်တိုဘာ ၂၈၊ ၂၉ ရက်တို့တွင် သွေးသစ်ဇာတ်သဘင်၊ ၃၀၊ ၃၁ ရက်တို့တွင် ကြီးလေးကြီး (မန္တလေးသိန်းဇော်၊ မိုးဝင်း၊ နန်းဝင်း၊ ချမ်းသာ)တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ သီတင်းကျွတ်ပွဲတော်ကို Thadingyut's Night Poem 2026 အဖြစ် ကျင်းပခြင်းဖြစ်ကာ ဥယျာဉ်ဖွင့်ချိန်ကိုလည်း နံနက် ၈ နာရီ မှ ည ၁၀ နာရီထိ တိုးမြှင့်ပေးသွားမည်ဖြစ်ပြီး ပွဲတော်ကာလအတွင်း ဥယျာဉ်ညဘက်အလှကို တစ်မူထူးခြားစွာခံစားနိုင်စေရန် ဥယျာဉ်အတွင်း မီးရောင်စုံများဖြင့် အလှဆင်ထားရာ ညအလှကိုခံစားရင်း နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုနှင့်အတူ ဓာတ်ပုံရိုက်ခြင်း၊ ပြင်ဦးလွင်ဒေသထွက်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် Night Bazaar များကိုလည်း ဥယျာဉ်အတွင်း စီစဉ်ပေးထားကြောင်း သတင်းရရှိသည်။

**ခရိုင်( ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ပါမောက္ခ ဒေါက်တာမျိုးသက်တင်<br>ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး<br>ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မိုးညှင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနိုင်နိုင်လတ်ကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**■ လက်ဝှေ့ပြိုင်ပွဲမှ**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပခဲ့သည်။

ယနေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် အမျိုးသား ၄၈၊ ၅၄၊ ၆၀၊ ၆၃ ဒသမ ၅၊ ၈၀ ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး ၄၈၊ ၅၀၊ ၆၃ ကီလိုတန်းပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခန့်ဖြိုးကျော်က တနင်္သာရီတိုင်းဒေသကြီးမှ လင်းထက်စံကိုလည်းကောင်း၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ ထွန်းထက်ခိုင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဖြိုးကျော်ကျော်ကိုလည်းကောင်း၊ ကီလို ၆၀ တန်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟအောင်က မကွေးတိုင်းဒေသကြီးအသင်းမှ ကျော်သူရကိုလည်းကောင်း၊ ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ အေးကိုဇင်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ လုံဂျူရိန်ကြွယ်နော်ကိုလည်းကောင်း၊ ကီလို ၈၀ တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ကောင်းထက်ဇော်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကောင်းမြတ်သူကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ အိမ့်မြတ်သော်က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဖူးပွင့်မြတ်ကိုလည်းကောင်း၊ ကီလို ၅၀ တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သန္တာက မန္တလေးတိုင်းဒေသကြီးအသင်းမှ လဝန်းနွယ်ကိုလည်းကောင်း၊ ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေက ကရင်ပြည်နယ်အသင်းမှ နန်းခင်မာဦးကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ ပူးတွဲတတိယဆုရရှိသူများ၊ အမျိုးသားအကောင်းဆုံးအားကစားသမားဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းမှ ထက်မြတ်လွင်၊ အမျိုးသမီးအကောင်းဆုံးအားကစားသမားဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ဇင်မာဝေ၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ အမျိုးသမီးတံခွန်စိုက် ဆုဖလားရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ကို အခမ်းအနားသို့ တက်ရောက်လာကြသည့် အကြီးအကဲပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဆုကြေးငွေများ၊ အကောင်းဆုံးအားကစားသမားဆု (Trophy)၊ တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့သည်။



၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ ယနေ့ထိ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ပြိုင်ပွဲကာလ ရှစ်ရက်ကြာ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်း ၂၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**● မက်ဆီမှ**

ဖော်ပြခဲ့ကြောင်း သိရသည်။

2026 Princess of Asturias Award ဆုကို စပိန်ဘုရင် ဖိလစ်ပီ-၆ တည်ထောင်ထားသည့် Princess of Asturias ဖောင်ဒေးရှင်းက ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး နိုင်ငံတကာအဆင့် ဂုဏ်သိက္ခာကြီးမားသည့် ဆုတစ်ခုဖြစ်ပြီး ဘောလုံးအားကစားသမားများတွင် မက်ဆီက ပထမဆုံး ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားဖြစ်လာခဲ့သည်။

မက်ဆီကို စပိန်ဘုရင် ဖိလစ်ပီ-၆ ကိုယ်တိုင် အခမ်းအနားသို့ ဖိတ်ကြားခဲ့ပြီးနောက် ယနေ့ကျင်းပခဲ့သည့် အခမ်းအနားသို့ မက်ဆီကိုယ်တိုင်တက်ရောက်ခဲ့ပြီး 2026 Princess of Asturias Award ဆုကို စပိန်ဘုရင် ဖိလစ်ပီ-၆ ကိုယ်စား မင်းသမီး လီယိုနာကိုယ်တိုင် ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် စပိန်နိုင်ငံတွင် ဘာစီလိုနာအသင်းနှင့်အတူ ၁၇ နှစ် ပါဝင်ကစားခဲ့ပြီး ကမ္ဘာ့ထိပ်တန်း ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ကာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝတွင်လည်း အောင်မြင်မှုများစွာကို ဆွတ်ခူးနိုင်ခဲ့သကဲ့သို့ လူမှုရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ခဲ့သည့်အတွက် စပိန်ဘုရင် ဖိလစ်ပီ-၆ က နိုင်ငံတကာအဆင့်ရှိ ထိပ်တန်းဆုဖြစ်သည့် အားကစားလောကအတွက် 2026 Princess of Asturias Award ဆုကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : TNT Football

Trs : STA

## ၂၃-၁၀-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃ ~ ၃၆၆၆.၃ | ၅၅၈.၁ ~ ၅၅၈.၃ | ၁၂၅.၃ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၉၆,၄၆၆.၈၉ | ၃,၇၉၄,၂၀၀.၆၁ | ၁၅၄,၈၇၉,၁၆၄.၄၉ | |

## သပိတ်ကျင်းမြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ခတ်

**နေပြည်တော် အောက်တိုဘာ ၂၃**

ယနေ့ နံနက် ၅ နာရီ ၂၈ မိနစ် ၀၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် ၅၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် ၁၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၇၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၄ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့အနီး၌ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံ အစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေး ပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်




ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသူများကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုနေရာပြမြေပုံ။

လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝ အခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေး နှိမ်နင်းခြင်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်နေမှုများကို သိရှိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ပေးနိုင်ပါရန် မေတ္တာရပ်ခံပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်










ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားများနှင့် အမျိုးသမီး လေးဦးတို့ကို ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီခွဲခန့်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့၏ အရှေ့မြောက်ဘက် မီတာ ၃၆၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၈၅ ဦးနှင့် အမျိုးသမီး လေးဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၁၀၀၊ အနံ ပေ ၅၀ ရှိ သွပ်မိုးသွပ်ကာ အဆောက်အအုံ တစ်လုံးအတွင်းမှ All in One ကွန်ပျူတာ ၁၃ လုံး၊ ဖုန်းမျိုးစုံ ၁၉၃ လုံး၊ StarLink နှစ်လုံး၊ စားပွဲ ၂၃ လုံး၊ ထိုင်ခုံ ၉၂ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတွမ်းမြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကိုပျက်စီးစေပြီး လူ့ကျင့်ဝတ်သိက္ခာများ ထိခိုက်စေ၍ အများပြည်သူအကျိုးစီးပွားနှင့် အမျိုးသားလုံခြုံရေးကိုပါ အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

**၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးမှာ ယနေ့ထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာလည်း ယနေ့ထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)




ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကိုတွေ့ရစဉ်။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးထားမှုကိုတွေ့ရစဉ်။

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများကို ၎င်းတို့၏နေအိမ်များသို့ ပြန်လည်နေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေး





အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဒေသခံပြည်သူများကို ယာယီရေဘေးကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်နိုင်ရေးကူညီဆောင်ရွက်ပေးခြင်းနှင့် မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျ အုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေကို ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် တမံရှိရေ ၂၉၉ ဒသမ ၆၅ ပေသာကျန်ရှိတော့သဖြင့် ၁၅ ဒသမ ၃၅ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်းနှင့် တမံကျိုးပေါက်မှု အန္တရာယ်စိုးရိမ်ဖွယ်မရှိတော့သဖြင့် ရေလှောင်တမံ ဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများမှ ၎င်းတို့၏နေအိမ်များသို့ ပြန်လည်ရွှေ့ပြောင်း နေထိုင်နိုင်ရေးအတွက် အောက်တိုဘာ ၂၂ ရက်မှစ၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# အသားကဏ္ဍဖူလုံဖို့ ဝက်မွေးမြူရေးဆောင်ရွက်စို့

ထက်ဝေအောင်(စစ်ကိုင်း)

နိုင်ငံတော်သည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားပေးမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ စားရေးတွင် အကျုံးဝင်ပါရှိနေသည့် မွေးမြူရေးလုပ်ငန်းမှ အသားနှင့် ဥထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေး အားပေးလျက်ရှိသည်။ အသားထုတ်လုပ်မှုကဏ္ဍတွင်ပါဝင်သည့် အသားစားကြက်၊ ဥစားကြက်၊ ဆိတ်၊ ဝက်၊ အသားစားနွား၊ နို့စားနွား အစရှိသောတိရစ္ဆာန်များ၏ မျိုးလိုအပ်ချက်၊ အစာလိုအပ်ချက်၊ ရောဂါဗေဒနှင့် ထိန်းသိမ်းစောင့်ရှောက်ရသည့်ပုံစံများလည်း မတူကွဲပြားခြားနားမှုရှိနိုင်ပေသည်။

မြန်မာနိုင်ငံ၏ နေ့စဉ်ဘဝ အသားစားသုံးမှုကို လေ့လာကြည့်ပါက ကြက်သားနှင့်ဝက်သားကို ရွေးချယ်ဝယ်ယူစားသုံးလေ့ရှိပြီး မြို့ပြနှင့်ကျေးလက်တောရွာမကျန် အလှူပွဲများတွင် ညှော့ခံဟင်းလျာအဖြစ်တွေ့ရှိရသည်။ ကြက်သားကို လူမျိုးမရွေး ဘာသာမရွေးစားသုံးကြသော်လည်း ဝက်သားကိုမူ ကျန်းမာရေးအရသော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း ရှောင်ကြဉ်သူများလည်းရှိပေသည်။ ဝက်သားကို နှစ်ခြိုက်သူများက ပုံစံမျိုးစုံချက်ပြုတ်စားသောက်ကြသည်။ အသီးမှာ သရက်၊ အရွက်မှာ လက်ဖက်၊ အသားမှာ ဝက်ဟူ၍လည်း တင်စားညွှန်းဆိုထားခြင်းကြောင့် ဝက်သားကြိုက်နှစ်သက်သူများအတွက် လက်မလွှတ်နိုင်သည့် အာဟာရစစ်စစ်ဖြစ်ပေသည်။

အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုစကားအတိုင်း အာဟာရရှိသောအစားအစာတိုင်း ကောင်းကျိုးဆိုးပြစ်ရှိသဖြင့် သတိပြုဆင်ခြင်စားသုံးကြရမည်ဖြစ်သည်။ ဝက်သားတွင် ပရိုတင်းဓာတ်မြင့်မားစွာပါဝင်သဖြင့် လူ့ကိုယ်ခန္ဓာရှိ ကြွက်သားဖွံ့ဖြိုးရေး၊ တစ်ရှူးများပြုပြင်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုသည်။ အလားတူ ဗီတာမင်နှင့် သတ္တုဓာတ်များပါဝင်သဖြင့် အာရုံကြောစနစ်နှင့် ကိုယ်ခံအားစနစ်ကိုလည်း ကောင်းမွန်စေသည်။ သို့သော် ဝက်သားတွင် ပြည့်ဝဆီပါဝင်သဖြင့် လူ့ကိုယ်ခန္ဓာအတွင်း အဆီနှင့် သွေးတွင်းကိုလက်စထရောကို မြင့်မားစေသည်။ အဆီအစားများပါက နှလုံးရောဂါနှင့် သွေးတိုးရောဂါဖြစ်ပွားနိုင်သဖြင့် အမြဲသတိပြုကြရမည်ဖြစ်သည်။ တစ်ဖန် ဝက်တွင် ကပ်ပါးပိုး၊ ဘက်တီးရီးယားများပါရှိသဖြင့် မကျက်တကျက်ချက်ပြုတ်စားသောက်ခြင်းအစား ဟင်းကိုကျက်အောင် ချက်ပြုတ်စားသောက်ရမည်ဖြစ်သည်။ အဆီနည်းသောဝက်သားကို ရွေးချယ်စားသောက်ခြင်း၊ စနစ်တကျကျက်အောင်ချက်ပြုတ်စားသောက်ခြင်း၊ တစ်ကြိမ်တည်း အလွန်အကျွံစားသုံးခြင်းများကိုရှောင်ကြဉ်ပြီး ဟင်းသီးဟင်းရွက်များနှင့် တွဲဖက်ချက်ပြုတ်စားသောက်မည်ဆိုပါက အစာလည်းဆေး ဆေးလည်းအစာ စကားနှင့်ညီပေမည်။

နိုင်ငံတော်အနေဖြင့် စားရေရိက္ခာဖူလုံရေးအတွက် မွေးမြူရေးကဏ္ဍအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေး ဘက်ပေါင်းစုံမှအားပေးကူညီဆောင်ရွက်လျက်ရှိပေသည်။ မွေးမြူရေးဆိုင်ရာလုပ်ငန်းများကို မိရိုးဖလာမွေးမြူသည့်စနစ်မှ ခေတ်မီမွေးမြူရေးစနစ်များကူးပြောင်းနိုင်ရေး စနစ်ကျသောမွေးမြူရေးခြံများတည်ဆောက်ခြင်း၊ အစာကျွေးမွေးခြင်းနှင့် ဇီဝလုံခြုံရေးဆိုင်ရာနည်းပညာများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်အောင် အသိပညာပေးခြင်းတို့ကိုဆောင်ရွက်လျက်ရှိသည်။ ဝက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ခြံနေရာရွေးချယ်ရာ၌ လူနေအိမ်နှင့်ဝေးသောနေရာဖြစ်ခြင်း၊ လေဝင်လေ



ထွက်ကောင်းမွန်ခြင်း၊ ရောဂါကာကွယ်ထိန်းချုပ်မှုလွယ်ကူစေခြင်း၊ မစင်အညစ်အကြေးစွန့်ထုတ်မှုအတွက် ရေစီးဆင်းမှုကောင်းမွန်ခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် စီမံခန့်ခွဲခြင်း၊ လုပ်သားအင်အားအနည်းဆုံးဖြင့် ဝက်များကိုကျွေးမွေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်သည်။

ဝက်မွေးမြူသူတောင်သူများ၊ လုပ်ငန်းရှင်များသည် စားနပ်ရိက္ခာထုတ်လုပ်မှုတိုးတက်လာစေရန်၊ တစ်နိုင်ငံလုံး အသားတင်ထုတ်လုပ်မှုတိုးတက်လာစေရန်၊ တစ်နိုင်တစ်ပိုင်နှင့် စီးပွားဖြစ်မွေးမြူသူများဝင်ငွေတိုးတက်လာစေခြင်းဖြင့် ဒေသဖွံ့ဖြိုးမှုအထောက်အကူပြုစေရန်နှင့် လူတစ်ဦးချင်း အသားစားသုံးမှုနှုန်းတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် ဝက်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြသည်။ ဝက်မျိုးကောင်းမျိုးသန့်မွေးမြူရာတွင် အစာမှ အသားပြောင်းလဲမှုမြင့်မားခြင်း၊ ရောင်းတမ်းဝင်အသားအရည်အသွေးကောင်းခြင်း၊ ရောဂါဒဏ်ခံနိုင်ခြင်း အစရှိသည့်အခြေခံရမည့်အချက်များကို ဦးစားပေးရွေးချယ်ရန် လိုအပ်ပေသည်။ ဂျူးရော့ဂျာစီ(Duroc)၊ ရော့ရှိုင်းယား (Yolk-shire)၊ လင်းဒရေ့စ်(Landrace) အစရှိသောဝက်မျိုးများကို အခြေခံမွေးမြူခြင်းနှင့် ဒေသဝက်များကို မျိုးမြှင့်သားစပ်မွေးမြူခြင်းဖြင့် အသားထုတ်လုပ်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

တစ်နိုင်တစ်ပိုင်မွေးမြူသူများအနေဖြင့် ဝက်စာကို ဒေသပတ်ဝန်းကျင်ရှိအစာများဖြင့် ဖန်တီးကျွေးမွေးနိုင်သော်လည်း အသားထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက်ကြသည့် စီးပွားဖြစ်ဝက်ခြံများအနေဖြင့် အစာလိုအပ်ချက်များစွာရှိနိုင်ပေသည်။ ဝက်စာသည် အသားထုတ်လုပ်မှုကုန်ကျစရိတ်၏ ၆၅ ရာခိုင်နှုန်းရှိသဖြင့် အစာကျွေးမွေးရာတွင် အလေအလွင့်မရှိအောင် ကျွေးမွေးရလေ့ရှိသည်။ အရည်အသွေးပြည့်မီသည့်ဝက်စာများကို ကျွေးမွေးခြင်းဖြင့် မျိုးရိုးဗီဇကောင်းမွန်မှုကိုထိန်းသိမ်းနိုင်ပြီး အရွယ်ညီသောဝက်များကို ရရှိစေမည်ဖြစ်သည်။ ဝက်စာတွင်လည်း ဝက်ကလေးသီးသန့်အစာ၊ သားခွဲဝက်စာ၊ အသားတိုးဝက်စာ၊ နို့ပေးဝက်မကြီးအစာ စသည်ဖြင့်အမျိုးအစားအလိုက်၊ အာဟာရပါဝင်မှုအချိုးအစားအလိုက်ရှိပေသည်။ အလားတူ ဒေသထွက်ဝက်စာများအဖြစ် ဖွဲနု၊ ဆန်ကွဲ၊ နှမ်းဖတ်၊ ပဲဖတ်၊ ပြောင်းမှုန့်၊ ငါးခြောက်မှုန့်များကို ဝက်စာအာဟာရရှိရေးဖြည့်ဆည်းသွားနိုင်ပေသည်။

ဝက်မွေးမြူရေးလုပ်ငန်းတွင် ဝက်သိုးရွေးချယ်ခြင်းနှင့် ပြုစုစောင့်ရှောက်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရလေ့ရှိပြီး ဝက်သိုးကောင်တစ်ကောင်သည် သားပေါက်ကောင်ရေ ၁၀ ကောင်အထက်နှင့် သားခွဲကောင်ရေ ရှစ်ကောင်အထက်ရရှိနိုင်မည်ဖြစ်သည်။ သားစပ်ပြီးတိုင်း အာဟာရပြည့်ဝသည့်အစာများကျွေးမွေးရန်လိုအပ်ပြီး ဝက်သိုးတစ်ကောင်၏ တစ်နေ့တာအစာလိုအပ်ချက်မှာ တစ်ပိဿာခွဲခန့်ဖြစ်သည်။ အစာစိမ်းအဖြစ် အာဒါလွတ်အရွက်၊ ပါရာမြက်ချို၊ ငှက်ပျောအူ၊ ဗေဒါနှင့် ဂေါ်ဖီရွက်များကိုလည်း ကျွေးမွေးနိုင်ပေသည်။ ဝက်မများ သားမပေါက်မီသုံးရက်အလိုတွင် အစာကို စားနေကျပမာဏထက် လျှော့ကျွေးရမည်ဖြစ်သည်။ ဝက်မ၏ ဧးကာလမှာ ၁၁၃ ရက်မှ ၁၁၅ ရက်ဖြစ်ပြီး ဝက်ကလေးများမွေးပြီးရန်ကြာမြင့်ချိန်မှာ တစ်နာရီမှ ၁၂ နာရီထိ ရှိနိုင်ပေသည်။ နောက်ဆုံးဝက်ကလေးမွေးပြီးသည့်အချိန်တွင် အချင်းကျ၊ မကျကိုလည်း စစ်ဆေးရမည်ဖြစ်သည်။

ဝက်ပေါက်ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် မွေးဖွားပြီးဝက်ကလေး၏ နှာခေါင်း၊ ပါးစပ်၊ မျက်လုံးတို့တွင်ကပ်ငြိနေသည့် အကျိအချွဲများကို သန့်ရှင်းသည့်အဝတ်ဖြင့် ဖယ်ရှားပေးခြင်း၊ ဝက်မကြီး၏ နို့သီးအရေအတွက်ထက် ဝက်ကောင်ရေပိုမွေးမြူပါက အသေးဆုံးအကောင်ကို ဖယ်ထုတ်ပြီး နို့ဘူးတိုက်မွေးမြူရမည်ဖြစ်သည်။ ထို့အတူ ဝက်ကလေးများ ဝက်မကြီးကိုယ်နှင့်ဖိမိ၍ သေဆုံးမှုမရှိအောင်ကြိုတင်စီမံခြင်း၊ ဝက်ပေါက်ကလေးများကို ခြောက်သွေ့သန့်ရှင်းသောနေရာတွင်ထားခြင်း ပြုလုပ်ပေးရမည်။ ဝက်ကလေးများ နှစ်ပတ်သားအရွယ်မှစ၍ သီးသန့်အစာကျွေးမွေးပေးရမည်ဖြစ်သည်။ ဝက်ကလေးများ သွေးအားနည်းရောဂါမဖြစ်စေရန် သံဓာတ်ပါသော ဆေးထိုး၊ ဆေးတိုက်ပြုလုပ်ပေးရပြီး ကျွေးမွေးစောင့်ရှောက်မှု၊ အာဟာရပြည့်ဝမှုအနေအထားအရ လေးပတ်မှ ခြောက်ပတ်သားအရွယ်တွင် သားခွဲနိုင်မည်ဖြစ်သည်။

ဝက်မွေးမြူရေးလုပ်ငန်းတွင် ကူးစက်ရောဂါကာကွယ်ခြင်းအခန်းကဏ္ဍသည်လည်း အရေးပါသည်။ အသက်တစ်လခွဲနှင့်အထက်ဝက်များကို ဝက်ဝမ်းကျကာကွယ်ဆေးထိုးနှံပေးခြင်း၊ သုံးလသားနှင့်အထက်ဝက်များကို ဝက်ပလိပ်ကာကွယ်ဆေးထိုးနှံပေးခြင်းများ ပြုလုပ်ပေးရသည်။ အလားတူ အာဖရိကဝက်အပြင်းဖျားရောဂါများ မဖြစ်ပွားအောင် ဝက်ခြံများတွင် ကြိုတင်ကာကွယ်ရေးအစီအမံ၊ ဇီဝလုံခြုံရေးစနစ်များကို ကျင့်သုံးဆောင်ရွက်ကြရသည်။ ဝက်ခြံအတွင်း ရောဂါဖြစ်ပွားမှုအခြေအနေများကို သံသယဖြစ်ဖွယ်တွေ့ရှိရပါက သက်ဆိုင်ရာနှင့် အမြန်ဆုံးဆက်သွယ်သတင်းပေးပို့ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အနှစ်ချုပ်အနေဖြင့် နိုင်ငံ၏ နယ်ပယ်ကဏ္ဍစုံအရှိန်အဟုန်မြှင့် တိုးတက်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲ၊ ပြဿနာများကို အတူတကွဆွေးနွေးအဖြေရှာ၍ အောင်မြင်မှုခရီးပန်းတိုင်ဆီသို့ လျှောက်လှမ်းကြရမည်ဖြစ်သည်။ လုပ်ငန်းတူသူအချင်းချင်း ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် ကဏ္ဍတစ်ခု၏အောင်မြင်မှုကို ရယူကြရပေမည်။ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၊ လုပ်ငန်းရှင်အသီးသီး၏ လက်တွဲညီညီဆောင်ရွက်မှု၏ခွန်အားသည် အလုံးစုံဖွံ့ဖြိုးရေးအတွက် အင်အားကိုဖြစ်စေသည်။ ဝက်မွေးမြူရေးနှင့်ဆက်စပ်ပတ်သက်သည့် အရည်အသွေးပြည့်မီသောအစာ ထုတ်လုပ်နိုင်မည့် တိရစ္ဆာန်အစာစပ်စက်ရုံများ ပိုမိုပေါ်ထွက်လာရေးနှင့် ပြည်တွင်း၌ ပြောင်း၊ ပဲပုပ်နှင့် အခြားအစာကြမ်းများတိုးချဲ့စိုက်ပျိုးရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ စီးပွားရေးနယ်ပယ်အသီးသီးတွင် ဈေးကွက်ကောင်းရှိလျှင် အောင်မြင်မှုရရှိနိုင်သည်။ ဈေးကွက်တစ်ခုရရှိရေးအတွက် ဘက်ပေါင်းစုံကြိုးစားရလေ့ရှိပေသည်။ လိုအပ်ချက်နှင့်ထုတ်လုပ်နိုင်မှုကို အခြေတည်၍ နယ်ပယ်အသီးသီးအလိုက်ကျင့်သုံးနေသည့် ကျင့်ဝတ်များနှင့်အညီ နှစ်ဦးနှစ်ဖက်အကျိုးအမြတ်ဖြစ်ထွန်းနိုင်မည့်ဈေးနှုန်းများဖြင့် ဝယ်ယူခြင်း၊ စဉ်ဆက်မပြတ်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များဖြင့် အသားကဏ္ဍဖူလုံအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထုတ် "ဝက်မွေးမြူရေး"စာစောင်**
- **https://www.healthline.com/nutrition/foods/pork**

# တနင်္ဂနွေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက အိမ်ကွင်းနိုင်ပွဲရှာဖွေရမဲ့ မန်ယူအသင်း၊ အတ္တလန်တာအသင်း၊ ဘာစီလိုနာအသင်းတို့ကို အားပေးရမှာပါ

M L



ဒီတစ်ပတ်တနင်္ဂနွေနေ့ညမှာလဲ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေ ရှိနေတာကြောင့် အကြိတ်အနယ်ရှိအုံးမှာသေချာပါတယ်။ လက်ရှိမှာ အသင်းကြီးတွေအနေနဲ့ ဥရောပပြိုင်ပွဲတွေကစားနေရတာကြောင့် ပွဲပန်းမှုဒဏ်ကို ခံစားနေရတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အချို့အသင်းကြီးတွေက နိုင်ပွဲတွေပျောက်ဆုံးနေတာဖြစ်လို့ အခုလာမဲ့ပွဲစဉ်မှာ နိုင်ပွဲရရှိမှသာ ဖိအားအောက်က ရုန်းထွက်နိုင်မှာဖြစ်လို့ တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာ အိမ်ကွင်းအားသာချက်ရှိတဲ့ အသင်းတွေကို အဓိကချဉ်းကပ်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညမှာတော့ ထိပ်သီးလိဂ်ငါးခုက အသင်းကြီးတွေ အများစုရလဒ်ကောင်းခဲ့ပေမဲ့ ပရီးမီးယားလိဂ်က မန်ယူအသင်းက လိဒ်ယူနိုက်တက်အသင်းကို ရမှတ်ခွဲပေးလိုက်ရသလို ပြင်သစ်လီဂူးပွဲစဉ်က မိုနာကိုအသင်းကလဲ လိုရီယန့်ကို ရှုံးခဲ့တာတွေ့ရမှာပါ။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ညပွဲစဉ်တွေမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုထဲက အိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာဖို့ကြိုးပမ်းရမဲ့ မန်ယူအသင်း၊ အတ္တလန်တာအသင်း၊ ဘာစီလိုနာအသင်းတို့ကို အားပေးရမှာဖြစ်ပါတယ်။

## မန်ယူအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် (၈) မှာအကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ ဘုန်းမောက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်ယူအသင်းဟာ အခုရာသီ နည်းပြကာရစ်လက်အောက်မှာ တိုက်စစ်ကစားပုံကျဆင်းသွားတာကြောင့် ပြိုင်ပွဲစုံ ၁၁ ပွဲမှာ တစ်ပွဲသာနိုင်ပွဲရခဲ့တာကို တွေ့ရမှာပါ။ ပရီးမီးယားလိဂ် ခုနစ်ပွဲကစားအပြီးမှာလဲ တစ်ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ခုနစ်မှတ်သာရခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့် (၁၃) မှာရောက်ရှိနေတာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ ဆက်ကို၊ အူဂါတီ၊ မိုင်နူး၊ လုခ်ရှော၊ ဒိုကူတို့လို ကစားသမားတွေကို လက်လွှတ်ထားရတာကလဲ ရလဒ်ဆိုးရွားမှုရဲ့ အဓိကအချက်ဖြစ်နေပါတယ်။ ဒါပေမဲ့ အဲဒီကစားသမားတွေနေရာကို အစားထိုးနိုင်မဲ့ကစားသမားကောင်းတွေရှိနေတာကြောင့် ဘုန်းမောက်လိုအသင်းကို အိမ်ကွင်းမှာ ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ မန်ယူအသင်းက ဘုန်းမောက်အသင်းကို အသာရထားတာကြောင့် အခုပွဲမှာ မန်ယူအသင်းတိုက်စစ်ကစားအားမြှင့်တင်နိုင်ရင် နိုင်ပွဲရဖို့ များပါတယ်။

ဘုန်းမောက်အသင်းကတော့ နည်းပြအီရာအိုလာကို လီဗာပူးအသင်းထံ ရောင်းချလိုက်ပေမဲ့ အသင်းရဲ့ ကစားကွက်ပိုင်းကျဆင်းသွားခြင်းမရှိဘဲ ခြေရည်တူအသင်းတွေနဲ့ဆို နိုင်ပွဲရှာနိုင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် သူတို့အသင်းရဲ့ တောင်ပံတိုက်စစ်က တာဗာနီးယားနဲ့ ရိုင်ယန်တို့အတွဲအဖက်မိနေတာကြောင့် အသင်းငယ်တွေနဲ့ဆို ဂိုးရဖို့လွယ်ကူနေတာကို တွေ့ရမှာပါ။ ဘုန်းမောက်အသင်းဟာ ပရီးမီးယားလိဂ် ခုနစ်ပွဲအပြီးမှာတော့ တစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ ရမှတ်ခြောက်မှတ်ရထားပြီး အမှတ်ပေးဇယားအဆင့် (၁၅) မှာရောက်ရှိနေတာဖြစ်ပါတယ်။ ဘုန်းမောက်အသင်းဟာ အခုနှစ်မှ ဥရောပပြိုင်ပွဲပါဝင်ကစားရတာဖြစ်တာကြောင့် ပွဲတိုင်းကိုကြိုးပမ်းကစားနေတာကို တွေ့ရပြီး အဖွင့်ပွဲမှာ ဆိုစီဒက်ကို နှစ်ဂိုးတစ်ဂိုး၊ ဒုတိယပွဲမှာ စတမ်းဂရေ့ကို သုံးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းငါးပွဲဆက်မှာလဲ ပွဲတိုင်းဂိုးပေးရပြီးတစ်ပွဲသာ အနိုင်ရခဲ့တာကြောင့် အခုပွဲမှာ မန်ယူလို အဘက်ဘက်ကအသာရနေတဲ့ အသင်းကို ယှဉ်ကစားဖို့မဖြစ်နိုင်လို့ အိမ်ရှင်မန်ယူအသင်းပဲ ရလဒ်ကောင်းမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၁ | - | ၁ | မန်ယူ |
| မန်ယူ | ၁ | - | ၁ | စပါး |
| အေတီကို | ၂ | - | ၀ | မန်ယူ |
| လိဒ်ယူနိုက်တက် | ၁ | - | ၁ | မန်ယူ |
| ကိုမို | ၄ | - | ၁ | မန်ယူ |

**ဘုန်းမောက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | ၁ | - | ၂ | ဘုန်းမောက် |
| ဘုန်းမောက် | ၀ | - | ၁ | လီဗာပူး |
| ချဲလ်ဆီး | ၅ | - | ၁ | ဘုန်းမောက် |
| ဘုန်းမောက် | ၃ | - | ၀ | စတမ်းဂရေ့ |
| ဘုန်းမောက် | ၂ | - | ၀ | ဆန်းဒါးလန်း |

## အတ္တလန်တာအသင်းနဲ့ လက်တွဲရမှာပါ

အီတလီစီးရီးအေပွဲစဉ် (၈) မှာနောက်ထပ်အကြိုက်တွေ့မိတာကတော့ အတ္တလန်တာအသင်းနဲ့ ဖရိုစီဝမ်းအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အတ္တလန်တာအသင်းဟာ နည်းပြဆာရီတာဝန်ယူပြီးနောက်ပိုင်း အိမ်ကွင်းကစားပုံနဲ့ တိုက်စစ်ပိုင်းပိုကောင်းလာတာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ဆုံးကစားခဲ့တဲ့အမှတ်ပေးပွဲမှာတော့ အဝေးကွင်းမှာ အေစီမီလန်အသင်းကို သုံးဂိုးနှစ်ဂိုးနဲ့ရှုံးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ သူတို့အသင်းအနေနဲ့ ပထမပိုင်းမှာ ခံစစ်ပိုင်းအမှားတွေကြောင့် ဂိုးတွေပေးလိုက်ရပေမဲ့ ဒုတိယပိုင်း မိနစ် ၆၀ ကျော်မှာ နည်းပြဆာရီအနေနဲ့ ကစားသမားပြောင်းလဲမှုလုပ်ခဲ့ပြီး သွင်းဂိုးနှစ်ဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ခုနစ်ပွဲမှာ သုံးပွဲနိုင်၊ လေးပွဲရှုံးထားပြီး ခံစစ်ပိုင်းက ၁၁ ဂိုးထိပေးခဲ့ရတာကြောင့် ခံစစ်ပိုင်း အားနည်းချက်ရှိနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့် လာမဲ့ပွဲစဉ်မှာ နည်းပြဆာရီအနေနဲ့ ခံစစ်ကစားပုံပြင်နိုင်မယ်ဆိုရင်တော့ ဖရိုစီဝမ်းကို ထိန်းချုပ်ကစားနိုင်မှာဖြစ်ပြီး နိုင်ပွဲရှာဖွေနိုင်မှာ ဖြစ်ပါတယ်။

ဖရိုစီဝမ်းအသင်းကတော့ အခုနှစ် စီးရီးအေကို တန်းတက်လာတဲ့ အသင်းသုံးသင်းထဲမှာ ခြေစွမ်းပိုင်း အကောင်းဆုံးအသင်းလို့ ဆိုရမှာပါ။ သူတို့အသင်းဟာ စီးရီးအေ ခုနစ်ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနဲ့ ရမှတ် ၁၃ မှတ်စုဆောင်းနိုင်လို့ အဆင့် (၆) မှာ ရောက်နေတာကိုတွေ့ရမှာပါ။ ဖရိုစီဝမ်းအသင်းအနေနဲ့ အဝေးကွင်းပွဲတွေမှာတော့ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်တာကြောင့် တိုက်စစ်ကောင်းတဲ့ အသင်းကြီးတွေကိုတော့ ပေးဂိုးတွေ များနေတာကို သတိပြုရမှာပါ။ လက်ရှိ ဖရိုစီဝမ်းအသင်းတိုက်စစ်ကိုတော့ ရာအီမွန်ဒိုက ဦးဆောင်နေပြီး သွင်းဂိုးခုနစ်ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ရာအီမွန်ဒိုအနေနဲ့ ခရစ်စတန်ဆန်၊ ကိုလာစီနက်တို့ဦးဆောင်တဲ့ အတ္တလန်တာခံစစ်ကို ကျော်ဖြတ်ဖို့တော့ ခက်ခဲနိုင်လို့ အခုပွဲမှာ ဂိုးရဖို့ ရုန်းကန်ရမှာပါ။ ဒါကြောင့် အိမ်ရှင်အတ္တလန်တာအသင်းနဲ့ပဲ လက်တွဲရမှာပါ။

**အတ္တလန်တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၁ | - | ၂ | ကက်ဂလီယာရီ |
| ဂျူဗင်တပ် | ၂ | - | ၀ | အတ္တလန်တာ |
| အတ္တလန်တာ | ၃ | - | ၁ | ဗီနီဇီယာ |
| အတ္တလန်တာ | ၃ | - | ၁ | ပါအိုစ် |
| အေစီမီလန် | ၃ | - | ၂ | အတ္တလန်တာ |

**ဖရိုစီဝမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုစီဝမ်း | ၃ | - | ၂ | ဗီနီဇီယာ |
| ဂျီနိုအာ | ၁ | - | ၁ | ဖရိုစီဝမ်း |
| ဖရိုစီဝမ်း | ၂ | - | ၀ | ကိုမို |
| နာပိုလီ | ၃ | - | ၀ | ဖရိုစီဝမ်း |
| ဖရိုစီဝမ်း | ၄ | - | ၂ | ဆက်ဆူအိုလို |

## ဘာစီလိုနာအသင်းကို ရွေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ လာလီဂါပြိုင်ပွဲမှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဘာစီလိုနာအသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ဘောလုံးရာသီမှာ သုံးကြိမ်တွေ့ဆုံခဲ့ပြီး ဘာစီလိုနာအသင်းက နှစ်ပွဲနိုင်၊ ရီးရဲလ်မက်ဒရစ်အသင်းက တစ်ပွဲနိုင်ရလဒ် ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဘာစီလိုနာအသင်းကတော့ ပြီးခဲ့တဲ့ နှစ်နှစ်ဆက်တိုက် ချန်ပီယံဆုဖလားရယူထားနိုင်ခဲ့ပြီး အခုရာသီမှာလဲ မှတ်တမ်းကောင်းတွေနဲ့ အမှတ်ပေးဇယားကို ဦးဆောင်နေတာကို သတိပြုရမှာပါ။ လာလီဂါကိုးပွဲအပြီးမှာ ရမှတ် ၂၇ မှတ်နဲ့ ဇယားထိပ်မှာရပ်တည်နေပြီး ဒုတိယနေရာက အေတီကိုအသင်းကို ငါးမှတ်၊ တတိယနေရာက ရီးရဲလ်မက်ဒရစ်အသင်းကို ခြောက်မှတ်ဖြတ်တောက်နိုင်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲမှာတော့ ပီအက်စ်ဂျီကို လေးဂိုးနှစ်ဂိုးနဲ့ရှုံးခဲ့တာကြောင့် အဲဒီပွဲစဉ်ကကွင်းလယ်ပိုင်းအားနည်းချက်ကို ဒီပွဲမှာ ပြင်ဆင်နိုင်မယ်ဆိုရင်တော့ ဘာစီလိုနာနိုင်ပွဲရဖို့မခက်ပါဘူး။

ရီးရဲလ်မက်ဒရစ်ကတော့ ထိပ်တန်းအဆင့်ကစားသမားကောင်းတွေစုဖွဲ့ထားပေမဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းအားနည်းချက်ရှိနေတာကို ပြင်ဆင်နိုင်မှုမရှိသေးပါဘူး။ သူတို့အသင်းအနေနဲ့ လာလီဂါကိုးပွဲကစားခဲ့ရာမှာ အေတီကိုအသင်းနဲ့ ဘက်တစ်အသင်းတို့ကို အဝေးကွင်းမှာ ရှုံးပွဲကြုံခဲ့တာကြောင့် ဘာစီလိုနာအသင်းနဲ့ ရမှတ်ခြောက်မှတ်ကွာနေတာကို တွေ့ရမှာပါ။ အဝေးကွင်းရောက်ရင် ဗဟိုခံစစ်က ဒုတိယပိုင်း ကစားအားကျဆင်းသွားတာကို ပြင်ဆင်နိုင်ခြင်း မရှိသေးဘဲ အဝေးကွင်းပွဲစဉ် ငါးပွဲဆက်တိုက် ပေးဂိုးရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းလို တိုက်စစ်ကစားပုံကောင်းတဲ့ အသင်းကိုတော့ ဂိုးပေးရမှာသေချာပါတယ်။ ဒါ့ပြင် ဂေါ်ဒွန်၊ ယာမယ်တို့လို လျင်မြန်မှုနဲ့ ပြိုင်ဘက်ကိုဖြတ်ကျော်နိုင်စွမ်းရှိတဲ့ ကစားသမားတွေကိုတော့ ရီးရဲလ်မက်ဒရစ်နောက်တန်းက တားဆီးနိုင်မှာမဟုတ်လို့ အခုပွဲစဉ်မှာလဲ ဘာစီလိုနာအသင်းကိုပဲ ရွေးရမှာပါ။

**ဘာစီလိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၃ | ဘာစီလိုနာ |
| ဘာစီလိုနာ | ၃ | - | ၀ | ဂီတာဖေး |
| ဂါလာတာစာရေး | ၁ | - | ၄ | ဘာစီလိုနာ |
| ဘက်တစ် | ၂ | - | ၅ | ဘာစီလိုနာ |
| ပီအက်စ်ဂျီ | ၄ | - | ၂ | ဘာစီလိုနာ |

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အေတီကို | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | ဗီလာရီးရဲလ် |
| ရိုးမား | ၃ | - | ၄ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | ဆီဗီလာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | လိုက်ပ်ဇစ် |

# ဘရာဇီးနိုင်ငံ အမေဇုန်သစ်တောတွင် တောမီးလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသောမီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာ



ဘရာဇီးလီးယား အောက်တိုဘာ ၂၃

ဘရာဇီးနိုင်ငံ အမေဇုန် မိုးသစ်တောဒေသတွင် တောမီး လောင်ကျွမ်းမှုမှ ထွက်ပေါ်လာ သောမီးခိုးငွေ့များကြောင့် မာနာ အော့စ်မြို့နှင့် အနီးဝန်းကျင်ဒေသ များ၌ လေထုညစ်ညမ်းမှုများ ဆိုးရွားလာကြောင်း ယနေ့ သတင်းများအရ သိရသည်။

အောက်တိုဘာ ၂၂ ရက်တွင် ဂြိုဟ်တုမှတစ်ဆင့် တိုင်းတာတွေ့ ရှိခဲ့သည့် အချက်အလက်များအရ အမေဇုန်ဒေသ၌ တောမီးလောင် နိုင်ခြေရှိသော အပူမှတ်နေရာ ၉၀၄၅ နေရာရှိကြောင်း၊ ထို့ကြောင့် တောမီးလောင်မှုအခြေအနေ ပိုမို ဆိုးရွားလာနိုင်ကြောင်း သိရသည်။

မီးခိုးငွေ့များ ထူထပ်စွာ ဖုံးလွှမ်းနေခြင်းကြောင့် လေထု ညစ်ညမ်းနေသဖြင့် မာနာအော့စ် မြို့တွင် ကျောင်းများကို ယာယီ ပိတ်ထားရကြောင်း၊ လက်ရှိဒေသ အတွင်း တောမီးလောင်ကျွမ်းမှု များကြောင့် လေထုညစ်ညမ်းမှု မြင့်တက်လာသည့်အပြင် အသက် ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာ ရေးပြဿနာများလည်း ပိုမိုဖြစ် ပွားနေသဖြင့် ကျန်းမာရေးသတိ ပေးချက်များ ထုတ်ပြန်ထား ကြောင်း၊ အထူးသဖြင့် ကလေး ငယ်များ၊ သက်ကြီးရွယ်အိုများ နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါအခံရှိသူများအနေဖြင့် ပိုမို သတိပြုနေထိုင်ရန် အာဏာပိုင် များက သတိပေးထားသည်။

ထို့ပြင် ဘရာဇီးအာဏာပိုင် များက တောမီးငြိမ်းသတ်ရေး အတွက် မီးသတ်အဖွဲ့ဝင်အင်အား များအပြားနှင့် လေယာဉ်များကို အသုံးပြု ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ အိုကလာဟိုးမားပြည်နယ်တွင် မိုးရွာသွန်းခဲ့သဖြင့် မိုးခေါင်မှုလျော့ကျလာ

ဝါရှင်တန် အောက်တိုဘာ ၂၃

အမေရိကန်နိုင်ငံ အိုကလာ ဟိုးမားပြည်နယ်တွင် မိုးခေါင်မှု အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားသော်လည်း အောက် တိုဘာ ၂၂ ရက်တွင် မိုးရွာသွန်း လာခဲ့သဖြင့် မိုးခေါင်မှုလျော့ကျ လာပြီဖြစ်ကြောင်း အမေရိကန် နိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင်ဖော်ပြထားသည်။

မိုးခေါင်မှုကြောင့် သောက်သုံး ရေ အကန့်အသတ်ဖြင့်သာ ပေးဝေ နေရကြောင်း၊ သို့သော်လည်း မိုးသည်းထန်စွာ ရွာသွန်းလာခဲ့ပြီး ရေလှောင်တမံများတွင် ရေမြင့် တက်လာခဲ့ခြင်းကြောင့် သောက် သုံးရေကို ပုံမှန်အတိုင်းပေးဝေ သွားနိုင်တော့မည် ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

"အိုကလာဟိုးမားပြည်နယ် မှာ မိုးခေါင်မှုနဲ့ ရင်ဆိုင်နေရလို့ သောက်သုံးရေကို အကန့်အသတ် နဲ့ ပေးဝေနေရတဲ့အခြေအနေဖြစ် ပါတယ်။ ရေလှောင်တမံတွေမှာလဲ ရေကျဆင်းနေပြီ ဖြစ်ပါတယ်။ ဒါပေမဲ့လဲ အောက်တိုဘာ ၂၂ ရက် မှာ မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မိုးရေချိန် မြင့်မားတဲ့အတွက် ကြောင့် ရေလှောင်တမံတွေမှာ ရေမြင့်တက်လာပြီ ဖြစ်ပါတယ်။ သောက်သုံးရေကို ပုံမှန်အတိုင်း ပေးဝေသွားနိုင်တော့မှာ ဖြစ်ပါ တယ်။ မိုးရေချိန်မြင့်မားစွာ ရွာသွန်းခဲ့တဲ့ အတွက်ကြောင့်လဲ မိုးခေါင်မှု လျော့ကျလာပြီလို့ သတ်မှတ်နိုင်ပါတယ်။ မိုးခေါင်မှု လျော့ကျရေးအတွက် စီမံချက် တွေနဲ့ ဆက်လက်ဆောင်ရွက်သွား မှာဖြစ်ပါတယ်။ ရေရှည်တည်တံ့ ခိုင်မြဲမဲ့ စီမံချက်တွေနဲ့ ဆောင်ရွက် သွားမှာပါ"ဟု အမေရိကန်နိုင်ငံ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ပြင်သစ်နိုင်ငံတောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ဒေသခံများ ဘေးလွတ်ရာရွှေ့ပြောင်းနေရ

ပဲရစ် အောက်တိုဘာ ၂၃

ပြင်သစ်နိုင်ငံ တောင်ဘက် ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း ပြီး ရေကြီးရေလျှံမှု ဖြစ်ပွားနေ သဖြင့် ဒေသခံများ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း ပြင်သစ် နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေဘေးအန္တရာယ်ဖြင့် အဆိုး ရွားဆုံး ရင်ဆိုင်နေရသည့် နယ်မြေမှာ ဘုရှ်ဒူရုန်းနယ်မြေဖြစ် ပြီး မူရီအက်စ်မြို့နှင့် စိန့်မာတင်ဒီ ခရိုမြို့တို့တွင်လည်း အန္တရာယ် ရှိသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း ပြင်သစ်နိုင်ငံ အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့ အစည်းက ထုတ်ပြန်ခဲ့သည်။

"တောင်ဘက်ပိုင်း ဒေသတွေ မှာ မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် ရေကြီးရေလျှံမှုတွေဖြစ် ပေါ်နေပါတယ်။ မြစ်ရေလျှံတက်



မှုတွေကြောင့်လဲ ရေကြီးရေလျှံမှု တွေ အခြေအနေဆိုးရွားခဲ့တာ ဖြစ်ပါတယ်။ မြစ်ရေဟာ ခန့်မှန်း ရခက်နေပါတယ်။ အက်ဒမ် မုန်တိုင်းကြောင့်လဲ ပျက်စီးဆုံးရှုံးမှု ပိုပြီးတော့ မြင့်မားနေပါတယ်။ ရေကြီးရေလျှံမှုကြောင့် မတော် တဆဖြစ်စဉ်ဖြစ်ပွားခဲ့ပြီးတော့ လူ လေးဦးထက်မနည်း သေဆုံးခဲ့ပါ တယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ ရတဲ့ ဒေသခံအမြောက်အမြားရှိ နေပြီး အရေအတွက်ကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်။ ရေဘေး အန္တရာယ်နဲ့ အဆိုးရွားဆုံးရင်ဆိုင် နေရတဲ့ဒေသတွေကတော့ ဘုရှ်ဒူ ရုန်းနယ်မြေပါအဝင် မူရီအက်စ် မြို့နဲ့ စိန့်မာတင်ဒီခရိုမြို့တို့ ဖြစ်ပါ တယ်"ဟု ပြင်သစ်နိုင်ငံ အရေးပေါ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန် ရှိသူတစ်ဦးက ပြောကြားသွားခဲ့ ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# မလေးရှားနိုင်ငံ ဆာဘားပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းနေဆဲဖြစ်သဖြင့် မြေပြိုမှုများထပ်မံဖြစ်ပွား

ကွာလာလမ်ပူ အောက်တိုဘာ ၂၃

မလေးရှားနိုင်ငံ ဆာဘား ပြည်နယ် ကူဒါဆန်းဒေသရှိ ဆီနီစီယန်ကျေးရွာတွင် အောက် တိုဘာ ၂၂ ရက်က မြေပြိုမှု ထပ်မံ ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်း များအရ သိရသည်။

အဆိုပါမြေပြိုမှုသည် ယခင် မြေပြိုမှုဖြစ်ပွားပြီး ကိုးရက်အကြာ တွင် ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်စောင်းမှ ရေများ အရှိန် ပြင်းစွာ စီးဆင်းစဉ် မြေသားများ တိုက်စားခံရခြင်းကြောင့် ယခု ကဲ့သို့ မြေပြိုမှုများ ဖြစ်ပွားခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ဒေသခံများ၏ ပြောကြားချက် အရ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီခန့် ကတည်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး တောင်စောင်းမှ ရေများအရှိန်ပြင်း စွာ စီးဆင်းခဲ့ကြောင်း၊ မြေပြိုမှု ကြောင့် ကူဒါဆန်းဒေသရှိ ဆီနီ စီယန်ကျေးရွာတွင်းလမ်း ပိတ်ဆို့ သွားခဲ့ပြီး အစားထိုးသွားလာနိုင် သည့် လမ်းကြောင်းမရှိသဖြင့် ထိုလမ်းကို ရှင်းလင်းရေးများ အမြန်ဆုံး ဆောင်ရွက်နေ ကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

မြေပြိုမှုကြောင့် အဆောက် အအုံနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ထို့ပြင် ထိခိုက်သူ အရေအတွက်နှင့် လမ်းပြန်လည် ဖွင့်လှစ်နိုင်မည့် အချိန်ကိုမူ အာဏာပိုင်များက ယနေ့ထိ အတည်ပြုထုတ်ပြန်နိုင် ခြင်း မရှိသေးကြောင်း သိရသည်။

ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲ ရေးကော်မတီနှင့် အရပ်ဘက် ကာကွယ်ရေးအဖွဲ့များသည် မြေပြို နိုင်မှုအခြေအနေကို စောင့်ကြည့် လျက်ရှိပြီး တာဝန်ရှိသူများက အန္တရာယ်ရှိသည့်နေရာမှ ရွှေ့ပြောင်း နေထိုင်ရန် အကူအညီများပေး လျက်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်းချိန်တွင် တောင်စောင်း များအနီး သွားလာနေထိုင်ခြင်းကို ရှောင်ကြဉ်ရန်လည်း သတိပေး ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# တရုတ်နိုင်ငံ တိဗက်ဒေသတွင် ပြင်းအား ၇ မဂ္ဂနီကျူအဆင့်ရှိ မြေငလျင်လှုပ်ခတ်ပြီး လူနေအိမ်များပျက်စီးခဲ့

ပေကျင်း အောက်တိုဘာ ၂၃

တရုတ်နိုင်ငံ တိဗက်ဒေသတွင် ပြင်းအား ၇ မဂ္ဂနီကျူအဆင့်ရှိ သည့် မြေငလျင်လှုပ်ခတ်ခဲ့ပြီး မြေငလျင်ကြောင့် လူနေအိမ်များ ပျက်စီးခဲ့ကြောင်း တိဗက်ဒေသ အာဏာပိုင်အဖွဲ့အစည်းက ထုတ် ပြန်ခဲ့သည်ဟု ယနေ့သတင်းများ တွင် ဖော်ပြထားသည်။

မြေငလျင်ကြောင့် လူနေအိမ် နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သည့် အဆောက်အအုံ အရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ မြေငလျင် သည် တိဗက်ဒေသ မြောက်ဘက် ပိုင်းတွင် မြေအောက်အနက် ငါးကီလိုမီတာအကွာမှ ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းကြောင့် ပျက်စီး ဆုံးရှုံးမှုနှုန်း မြင့်မားခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"တိဗက်ဒေသမှာ ပြင်းအား ၇ မဂ္ဂနီကျူအဆင့်ရှိတဲ့ မြေငလျင် လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ မြေငလျင်ဟာ တိဗက်ဒေသရဲ့ မြောက်ဘက်ပိုင်း မြေအောက် အနက် ငါးကီလိုမီတာအကွာကနေ ဗဟိုပြုလှုပ်ခတ်ခဲ့တာ ဖြစ်ပါ တယ်။ မြေငလျင်ကြောင့် လူနေ အိမ်များ ပျက်စီးခဲ့ပါတယ်။ မြေငလျင်ကြောင့် သေဆုံးသူ ၁၆ ဦးထက်မနည်း ရှိခဲ့ပြီးတော့ ထိခိုက်ဒဏ်ရာရရှိသူ ၃၂ ဦးထက် မနည်းရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာ ရရှိသူ ၃၂ ဦးအနက် ၁၁ ဦးက တော့ ဒဏ်ရာအခြေအနေစိုးရိမ် ရပါတယ်။ ပျက်စီးခဲ့တဲ့ လူနေအိမ် နဲ့ အခြေခံအဆောက်အအုံများမှာ နေထိုင်ခဲ့တဲ့ဒေသခံတွေကို ဘေး လွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်" ဟု တိဗက်ဒေသအာဏာပိုင် အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦး က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat








## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၂၁)၊ Grade-5 တွင် ပညာသင်ကြားနေသော မအိုင်းရစ်သဉ္ဇာမေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်းလင်းအောင် ဖြစ်ပါကြောင်း။

ဦးဆန်းလင်းအောင်
၈/တတက(နိုင်)၁၈၇၇၅၃

## ဖခင်အမည်မှန်

မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ် "Yaung Ni Oo"ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်ရဲစွမ်းရည်၏ ဖခင်အမည်မှန်မှာ ဦးကျော်အောင်အောင်သိုက် ဖြစ်ပါကြောင်း။

ဦးကျော်အောင်အောင်သိုက်
၅/ရဥန(နိုင်)၀၅၉၇၀၉

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

## ဒေါ်ခင်မြင့်ဝေ

### အသက် (၇၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ၊ ခြံအမှတ်(F-3)နေ (ဦးစောမောင်)+(ဒေါ်ငွေခင်)တို့၏ သမီးလတ်၊ (ဦးမြထွန်း)+(ဒေါ်တင်အေး)တို့၏ ချွေးမ၊ (ဇေယျကျော်ထင်ဗိုလ်ချုပ်တင်ထွန်း)၏ ဇနီး၊ (ဦးပြည်ငြိမ်း)+ ဒေါ်နော်သလဲထူး၊ ဦးအောင်မျိုးဟိန်း+ ဒေါ်နီနီတင်ထွန်း၊ ဦးမြတ်ညိမ်း+ ဒေါ်ချိုသီသီဝေတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မအိမ့်ချမ်းမြေ့ခင်၊ မသန့်သီရိထွန်း၊ မအိမ့်ယမုံခင်၊ မသွန်းရတနာထွန်း၊ မောင်မြတ်ဉာဏဟိန်းတို့၏ ချစ်လှစွာသော အဘွားသည် (၂၂-၁၀-၂၀၂၄)ရက် (ကြာသပတေးနေ့) ည (၁၀း ၀၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၂၄-၁၀-၂၀၂၄)ရက် (စနေနေ့) နံနက် (၈)နာရီတွင် ရေဝေးသုသာန်ခန်းမဆောင်မှ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို သွားရောက်ကြည့်ရှုအားပေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အတီး(ပတ္တလား) အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။






နေပြည်တော် အောက်တိုဘာ ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် အဖွဲ့ဝင်များနှင့်အတူ ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် အမျိုးသားပြဇာတ်ရုံ(Mini Theatre)၌ ကျင်းပလျက်ရှိသည့် အတီး (ပတ္တလား) အခြေခံပညာ (အသက် ၁၀ နှစ်မှ အသက် ၁၅ နှစ်)

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာလာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပကြသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ ❖

**ရတနာပုံ ယနေ့ဖတ်စရာ**

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းမြို့အနီး၌ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၆

# ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် KNLA အဖွဲ့နှင့် PDF အမည်ခံ အဖွဲ့ဝင် ၅၂ ဦးတို့ကို မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၃

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့

စာမျက်နှာ ၂၄ ကော်လံ ၁ ◆

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



# 2026 Princess of Asturias Award ဆုကို အင်တာမီယာမီကစားသမား မက်ဆီ လက်ခံရယူ



မက်ဒရစ် အောက်တိုဘာ ၂၃

စပိန်ဘုရင် ဖိလစ်ပီ-၆ က ပေးအပ်သည့် 2026 Princess of Asturias Award ဆုကို အင်တာမီယာမီအသင်း တိုက်စစ်ကစားသမား မက်ဆီက ကိုယ်တိုင်တက်ရောက် လက်ခံရယူခဲ့သည်ဟု TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်

စာမျက်နှာ ၂၅ ကော်လံ ၁ ●

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၃

လက်ဝှေ့အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်လက်ဝှေ့အားကစားသမားများပေါ်ထွက်လာစေရေးတို့အတွက်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့်

စာမျက်နှာ ၂၅ ကော်လံ ၁ ■